www.burmeseclassic.com

# အကြည်ပြင်ဝေါ်


# တစ်ရက် ◆ အရက်မရှိ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





ကြိုးကြိုး
စာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၅

# အကြည်ဝောက်
# တစ်ရှက် အရှက်မရှိ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| အုပ်ချုပ်ဒိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဒေါ်ရွှေ (မြဲ - ၀၂၀၇၉) သုခပုံနှိပ်တိုက် အမှတ်(၁၄၈)၊ ၄၅-လမ်း(အထက်)၊ ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

အကြည်တော်

တစ်ရှက် အရှက်မရှိ / အကြည်တော် ။ - ရန်ကုန် စိုးမိုးစာပေ၊ ၂၀၁၃

၁၄၀ - စာ ၊ ၁၃.၅ × ၂၀.၅ စင်တီ။

(၁) တစ်ရှက် အရှက်မရှိ


BURMESE CLASSIC .com



ဆိုကြပါစို့ဗျာ။

ခင်ဗျားသာ ဘောလုံးသမားတစ်ယောက်။ ဒါမှမဟုတ် အားကစားငါသနာအိုး၊ ဒါမှမဟုတ် လောင်းကစားဝါသနာပါတယ်ပဲ ထားပါတော့။

ကိုယ်ပါဝင်တဲ့အသင်း ကိုယ်ကစားတဲ့အသင်း ဒါမှမဟုတ်၊ ကိုယ်လောင်းထားတဲ့အသင်း တစ်ဖက်ကို ဂိုးသွင်းလိုက်တယ်ဆိုပါတော့။

"တစ်ဂိုး၊ ဂိုးမရှိပေါ့ဗျာ၊ ကဲ ဘယ်သူနိုင်လဲ"

ဂိုးသွင်းတဲ့အသင်း နိုင်တာပေါ့ ဟုတ်ဖူးလား။

ဒါမှမဟုတ်လဲ ဘော်လီဘော၊ ဘက်(စ်)ကက်ဘော၊ ပိုက်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းပေါ့ဗျာ။ စသည်ဖြင့်ပေါ့ တစ်မှတ်၊ အမှတ်မရှိဆို ဘယ်သူနိုင်မလဲ။

အမှတ်ရတဲ့သူ အနိုင်ပေါ့။

အဲ အားကစားထဲမှာ ဂေါက်သီးကျတစ်မျိုးဗျ။

ပြိုင်ဖက်အားကစားသမားထက်ကို ရိုက်ချက်လျော့ရိုက်နိုင်ရင် အနိုင်ရတယ်။ ဆိုကြပါတော့ဗျာ။ တစ်ဖက်အားကစားသမားက ရှစ်ချက်ရိုက်ထားတယ်ဆိုပါတော့။ ကိုယ်က ခုနစ်ချက်တည်းနဲ့ ရိုက်နိုင်ရင် ကိုယ်အနိုင်ပါပဲ။

ဒီလိုပါပဲ။

လူမှုရေးနယ်ပယ်မှာလဲ ကျွန်တော့်ခေါင်းစဉ်အတိုင်းပါပဲ။

"တစ်ရှက်၊ အရှက်မရှိ"

ဆိုရင် ဘယ်သူနိုင်မယ်ထင်လဲ။

မယုံရင် လူလည်ကောင် နပန်းလုံးကြည့်။ ခင်ဗျားက နပန်းလုံးရင်း လုံချည်ကျွတ်ပြီး ရှက်ရွံ့ပြန်ကောက်ဝတ်တယ်ထား၊ တစ်ဖက်လူက ခင်ဗျားကို သမပြီသာမှတ်။

ဘာလို့လဲဆိုတော့ လုံချည်ကျွတ်တာချင်းအတူတူ တစ်ဖက်လူက ပြန်မဝတ်ဘဲ တစ်ရှက်ကြောင့် လုံချည်ပြန်ကုံးကောက်နေတဲ့ ခင်ဗျားကို တစ်ရှက်၊ အရှက်မရှိနဲ့နိုင်လို့ကို သမတာပါပဲ။

ဂေါက်သီးရိုက်တာလဲ ဒီအတိုင်းပဲ။ သူများထက်အမှတ်နည်းအောင် ရိုက်ရတာ။ ဒါကြောင့် လူကြီးတွေ သူဌေးတွေက ဒီကစားနည်းကို ကစားတာထင်တယ်။

လူမှုရေးမှာလဲ ဒီအတိုင်းပါပဲ။

ခင်ဗျားက ကောင်မလေးတစ်ယောက်ကို ချစ်စကားပြောဖို့ ရှက်နေတယ်ဆိုပါတော့။ အရှက်မရှိတဲ့ ကောင်တစ်ကောင်က လက်ရဲဇက်ရဲနဲ့ ဝင်ကြောင်သွားလို့ကတော့ ခင်ဗျားခံရဖို့သာပြင်ပေတော့။

တချို့ကလဲ ဆိုကြပြန်ပါတယ်။





"ဟော့ တို့ကတော့ အရှက်နဲ့လူလုပ်တာဟေ့"

မှန်ပါတယ်။ အဲ ဒါပေမယ့် ခင်ဗျားမိန်းမက လူလည်ကောင် အော်ကြီးဟစ်ကျယ်နဲ့ အရှက်မရှိ အော်ဆဲနေတယ်ဆိုရင် ခင်ဗျားဘာလုပ်မှာလဲ။

"ဟော့ တို့ကတော့ အရှက်နဲ့လူလုပ်တာဟေ့"

ဆိုပြီး ငြိမ်ခံနေမှာလား၊ ဒါမှမဟုတ်

"အေး နင်က ဒါဆိုရင် ငါလဲဒါပဲ"

ဆိုပြီး လုံချည်ပြင်ဝတ်ပြီး နပန်းလုံးမှာလား။ အဲသည်လိုမှ ပြန်မလုပ်ရင် ခင်ဗျားရဲ့ တစ်သက်လုံးထမ်းလာတဲ့ အရှက်အိုး ဖြန်းခနဲကွဲပြီး

"တစ်ရှက်၊ အရှက်မရှိ"

နဲ့ခံရပြီသာမှတ်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့လဲ သိတော်မူကြတဲ့အတိုင်းပါပဲ။

အရှက်ဆိုတာမျိုးက ကွဲပြီးရင် ပြန်ဆက်လို့ရတာ မဟုတ်ဘူးလေ။

ဆိုပါစို့။ ခင်ဗျားတို့ အမြတ်တနိုးထားတဲ့ အိုးတစ်လုံးကျကွဲသွားမယ်ဆိုရင်တောင် ကြံ့ရာကော်တစ်မျိုးမျိုးနဲ့ ပြန်ဆက်လို့ရကောင်းရမယ်။ အရှက်အိုးသာ ဖြန်းခနဲကွဲသွားလို့ကတော့ ဘာနဲ့မှပြန်ဆက်လို့ရနိုင်မယ်မထင်ဘူး။ ကွဲပြီးသွားပြီလေ။

"ဟိုတစ်နေ့က ဒီကောင့်ကိုပေါ့၊ လက်ဖက်ရည်ဆိုင်ထဲမှာ သူ့မိန်းမ အကြီးအကျယ်ဝင်ဆဲသွားတာ"

ဘယ်လိုပြန်ရှင်းပြ၊ ရှင်းပြ၊ ဘယ်သူပဲမှန်မှန် အရှက်မရှိသူ





တာ နိုင်ပြီပဲ။ ခင်ဗျားလဲ

"တစ်ရက်၊ အရှက်မရှိ"

နဲ့ ရှုံးရပြီပဲ။

အမှန်တရားကို နောက်မှထား။ အရင်အရှက်ကွဲရတာ ကိုယ်ပဲမဟုတ်လား။

ဒါကြောင့် လောကကြီးမှာ လူတစ်ယောက်အဖြစ် ရပ်တည်နိုင်ဖို့ဆိုရင် ရံဖန်ရံခါ အရှက်မရှိဖို့လဲ လိုအပ်ပါတယ်။ ဒါမှ ကိုယ်က သူများနဲ့ယှဉ်ပြိုင်တဲ့အခါ အရှက်မရှိဘဲ ရဲရဲတင်းတင်း အနိုင်ယူနိုင်မယ်မဟုတ်ပါလား။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတ်လမ်းရဲ့အစမှာ ကျွန်တော်ရှင်းပြနေရတာ ဒီလိုပါ။

ကျွန်တော့်ဝတ္ထု ဖတ်နေကျပရိသတ်ဆိုရင် မှတ်မိမှာပါ။

ဝါရင့်အရောင်းထိုင်း၊ အန္တိမအမှုဝတ္ထုမှာ ဝကြီးရဲ့ယောက္ခမ ဒေါ်ခြူကြီးသေဆုံးသွားတာကို ကျွန်တော်ရေးမိပါတယ်။

အဲဒီမှာ အဲဒီဝတ္ထုကို ရေးလိုက်တာကို သိပ်ရယ်ရလို့ဆိုပြီး ဝကြီးဇနီးဇာကြီးက ဝကြီးကို နှစ်နှစ်ကြာမှ နိုင်ငံခြားကပြန်လာပြီး ကွာရှင်းခွင့်တောင်းပါတော့တယ်။ ဘာလို့လဲဆိုတော့ ဝကြီးရဲ့ပြောပြချက်ကို ကျွန်တော်ရေးလိုက်တာ သူ့အမေသေတာကို ပရိသတ်များ ဒီလောက်ရယ်ရမလားဆိုပြီး မခံနိုင်လို့ ကွာရှင်းခွင့်တောင်းတာပါ။

ပရိသတ်အနေနဲ့ စဉ်းစားကြည့်ပါ။





ဟာသဝတ္ထုဆိုတာ ရေးရသိပ်ခက်ပါတယ်။ လူတွေကို ရယ်ရအောင် ရေးပြဖို့ဆိုတာ အတော်မလွယ်တဲ့ကိစ္စပါ။ ဒါကြောင့် ဝတ္ထုရေးဆရာ အတော်များများ လက်ရှောင်ကြပါတယ်။ အဲဒီထဲကမှ လူတစ်ယောက်သေတာကို ရယ်ရအောင်ရေးဖို့ဆိုတာ အင်မတန်မလွယ်တဲ့ကိစ္စ။ အခက်ဆုံးကိစ္စပါပဲ။ အဲဒါကိုမှ ကျွန်တော် အတော့်ကို မျက်ရည်တဝိုင်းဝိုင်းနဲ့ ကြိုးစားပန်းစား ရေးခဲ့ပါတယ်။ စဉ်းစားကြည့်ပါ။ ကျွန်တော့်အတွက် ဒါဟာ အကြီးမားဆုံး အခက်အခဲတစ်ခုပါပဲ။ လူသေတာကို ရယ်ရအောင်ရေးဖို့ ဘယ်လိုဖြစ်နိုင်မှာလဲ။

ဒါပေမယ့် ကျွန်တော်အောင်မြင်ခဲ့ပါတယ်။ အဲဒီဝတ္ထုကို ဖတ်ဖူးသူတိုင်း ရယ်ရလို့ဆိုပြီး ကြိုက်ကြပါတယ်။ ကျွန်တော်လဲ ဟာသဈာန်တစ်ခု ထပ်မြင့်သွားသလို ခံစားရပါတယ်။

အဲဒါကိုမှ ဝကြီးမိန်းမက အဲဒီဝတ္ထုရယ်ရလို့ဆိုပြီး ဝကြီးကို ကွာမယ်လုပ်ပါတော့တယ်။

စဉ်းစားကြည့်ပါဗျာ။ ကျွန်တော့်ဖက်က

ဟာသဝတ္ထုရေးလို့မှ မရယ်ရဘူးဆို ဘယ်လိုလုပ်မလဲ။ ရယ်ရဖို့ အရေးကြီးတာပေါ့။ အခု အဲဒီဟာသဝတ္ထုက ရယ်ရလို့ လင်မယားကွဲကြကွာကြမတဲ့။ ကျွန်တော်က ဘယ်လိုလုပ်ပေးရမလဲ။

ကိုယ်လဲ ဝင်ညှိပေးလို့ရတဲ့အလုပ်မဟုတ်။

မတတ်သာတဲ့အဆုံးတော့ သူတို့လင်မယားကွဲကြကွာကြတဲ့အကြောင်းကိုပဲ မျက်ရည်တဝိုင်းဝိုင်းနဲ့ ဝတ္ထုတစ်ပုဒ် ပြန်ရေးလိုက်ပါတယ်။

"တစ်ရက်၊ အရက်မရှိ"

ဒီဝတ္ထုတွေကိုဖတ်ပြီး

"အဲဒီမိသားစုက တကယ်ရှိတာလားဟင်"

လို့ မေးကောင်းမေးပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေးခွန်းကို ကျွန်တော်က
"တကယ်ရှိပါတယ်"
လို့လဲ မဖြေချင်ပါဘူး။
"တကယ်မရှိပါဘူး"
လို့လဲ မငြင်းချင်ပါဘူး။
"လိပ်စာပေးလိုက်ပါ့မယ်၊ ကိုယ့်ဘာသာကိုယ် သွားကြည့်ကြပါ"
ပြီးမှ ဟုတ်မဟုတ်ဆုံးဖြတ်ပါ။
ကဲ ဝတ္ထုလေးကို စလိုက်ကြစို့ရဲ့။

× × ×





"ရှင့်ကို ကျွန်မ တန်ရာတန်ကြေးပေးပြီး ကွာမယ်"
"ဟင်"

နိုင်ငံခြားပြန်ဇနီးမယား ဂယောင်ကလေးရဲ့ မဆီမဆိုင် စကားကြားတော့ ဝကြီးကြောင်ကရော့ ဖြစ်သွား၏။ နံဘေးနားမှာတော့ ဝကြီးရဲ့မိန်းမအစ်မ လွန်းဌေးဌေး(ဈေးတက္ကသိုလ်)ဘွတ်ထိုင်းကြီးက မရှိသောမုတ်ဆိတ်ကိုသပ်ရင်း သူ့ရှေ့၌ချထားသော ကြွပ်ကြွပ်အိတ်အစုံဖြင့် စီရီထားသော မုန့်ပြားသလက်၊ မုန့်လက်ကောက်၊ မုန့်ကြာစေ့၊ မုန့်လက်ညှိုး၊ ဇီးယို၊ ငွေးသီးပေါင်း စသော စသော မုန့်ထုပ်များကိုကြည့်ရင်း ဘယ်ဟာအရင်နှိုက်စားရပါ့ အတွေးနှင့် တဟင်းဟင်းနှင့် ရယ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် လွန်းငွေငွေ၏စရိုက်ကိုသိအောင် အနည်းငယ်တင်ပြရပါဦးမည်။

ဝကြီး၏ယောက္ခမ၊ သူတို့၏အမေ ဆုံးကာနီး ပက်လက်အနေအထား၌ပင် လွန်းငွေငွေတစ်ယောက် ပြင်ပအလုပ်ရသွား၏။ ဝကြီးက မေးကြည့်သည်။

"နင် ဘာအလုပ်ရသွားတာလဲ"

"NGO"

"ဟင်"

ဝကြီး အံ့အားသင့်သွားသည်။ အင်္ဂလိပ်အခေါ်အဝေါ်မို့ ရုတ်တရက် မသဲကွဲ။ ထို့ကြောင့်

"NGO ဆိုတာ"

"မေတ္တာနှင့်ကယ်ဆယ်ရေးအဖွဲ့"

ဝကြီး မျက်မှောင်ကြုတ်သွား၏။

"ဘယ်လိုလူမျိုးတွေကို ကူညီကယ်ဆယ်တာလဲ"

လွန်းငွေငွေရင်ကော့ပြီး

"နာမကျန်းဖြစ်သူတွေနဲ့ ခိုကိုးရာမဲ့ကလေးတွေကို ဟင်း ဟင်း ကုသိုလ်ဖြစ်ပေါ့၊ ဟင်းဟင်း"

"ဟင်"

ထိုတော့မှ ဝကြီး အိပ်ရာထဲ ပက်လက်လဲနေသော သူ့ယောက္ခမအဘွားကြီးတစ်လှည့်၊ နိုင်ငံခြားသွားတော့မည့် မိခင်မဲ့တော့မည့် သူ၏သမီးငယ်နှင့်သားငယ်တို့ကိုကြည့်ပြီး

"ဟင် ဂန်းမ၊ နင့်အမေက အိပ်ရာထဲမှာပက်လက်၊ ဟိုမှာ အရွယ်မရောက်သေးတဲ့ နင့်တူမနဲ့နင့်တူက နင့်ညီမနိုင်ငံခြားသွားရင် ငါလဲအလုပ်တွေလုပ်နေရရင် မိဘမဲ့တော့မယ်၊ အဲဒါကိုမှ မကူညီမကယ်ဆယ်ဘဲ ဘယ်မအေ့လင်တွေကို သွားကူညီကယ်ဆယ်ဦးမှာလဲ"





ဝကြီးစကားကို လွန်းငွေငွေက ခပ်တည်တည်ပင်

"အို ဒါတွေက လူလဲမမြင်ဘူး၊ လခလဲမရဘူး၊ ဟိုမှာက လူလဲမြင်တယ်၊ လခလဲရတယ်"

ဤသို့လွန်းငွေငွေပင်။ သူ့ခမျာ မာသာထရီဇာကို အားကျပြီး ခန္ဓာကိုယ်က ဘုတ်အီးခန္ဓာမို့ သူ့ကိုယ်သူ မားသားဘုတ်ဟုပင် အမည်ပေးထားသေး၏။

ဤကား လွန်းငွေငွေ၏ သရုပ်ပင်။

ဝကြီးလဲ စဉ်းစားသည်။ မြန်မာပြည်မှာ ဘာမှသုံးမရ၍ နိုင်ငံခြားလွှတ်လိုက်ပြီး ယခုတစ်ခေါက်၊ အိမ်ပြန်ရောက်လေမှ၊ အိမ်မှုကိစ္စ ဘာမှတာဝန်မယူခင် ဤစကား စကြားရခြင်းဖြစ်၏။

ဝကြီး မျက်မှောင်ကြုတ်သွား၏။ သူ့မိန်းမအကြောင်းလဲ သူသိသည်။

"ဒီလိုမိန်းမမျိုး ဘယ်တုန်းကမှ ပိုက်ဆံလက်ထဲထားလို့ရလို့လဲ"

ယခုတစ်ခေါက် ဂျပန်မှပြန်လာမှ ထိုစကားကြားရ၍ ဝကြီး အံ့အားသင့်နေ၏။ ဟိုတစ်ခေါက်ပြန်လာတုန်းကပင် အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် နှစ်ရာတန်အစုတ်တစ်ရွက်သာ ပါလာသည်ပဲ။ ထို့ကြောင့်

"နေပါဦး၊ နင်က လျှော်ကြေးပေးပြီး ငါ့ကိုကွာမယ်ဆိုတော့ ဂျပန်ကပြန်လာပြီး နင့်မှာ ဘယ်နှပြားပါလာလို့လဲ"

"တစ်ပြား အဲ ပါတယ်၊ ပါတယ်၊ ပါတယ်လို့ပြောရင်ပါတယ်၊ ဒါပဲ၊ ရှင့်ကို ကျွန်မ လျှော်ပြီးကွာမယ်၊ ဒါပဲ"

သူ့ဇာကြီးစကားကြားတော့ ဝကြီးတင်းသွားသည်။

"စကားကြီးစကားကျယ်တွေ လျှောက်ပြောမနေနဲ့၊ အဲဒီတစ်ပြားတောင် ကပ်ပါနေလို့ ပြန်ပါလာတာ မဟုတ်လား၊ အဲလိုမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ဟိုမှာတင်ပေါင်ခဲ့ပြီး ရှူးတောင် သူများဆီက ငှားပေါက်ရမယ့် အမျိုးကများ"

သူဇာမျက်ခွက်မာသွားသည်။

"ကိုဝကြီး ရှင် မဆိုင်တာတွေ လျှောက်မပြောနဲ့၊ ကျွန်မတို့ အမျိုးကို ရှင်စော်ကားပေါင်းများပြီနော်"

"စော်ကားတာ မဟုတ်ဘူးလေ၊ နင်တို့အမျိုးက အဖြစ်မှန် ပြောရင်တောင် စော်ကားသလို ဖြစ်နေတဲ့ဟာကို အနေအထိုင်ဆင်ခြင်ပေါ့"

"မလိုချင်ဘူး၊ ရှင်နဲ့ကျွန်မ ကွာမှကိုဖြစ်မယ်"

ဝကြီးစိတ်ရှုပ်စွာဖြင့်

"ကွာချင်ကွာဟာ"

သူတို့စကားကို နံဘေးနားက ဂယောင်အကြီးစား မားသား ဘုတ်ခေါ် လွန်းငွေငွေမှ မုန့်လက်ညှိုးနှင့်ငွေးသီးသုပ်ပေါင်းစုပ်ကာ

"ကောင်းတယ်၊ ကောင်းတယ်၊ ကွာလိုက်၊ ဒါမှ တို့အမျိုးစစ်စစ်"

ဝကြီး ဘာမှမပြောတော့။ မှန်ပေသည်။ သူဇာတို့အမေ ဆုံးပါးသွားပြီဖြစ်သော အမ်းမကြီးပင် သူ့အဖေ၏ ဒုတိယမယားလား၊ တတိယမယားလားမသိ။

× × ×





ဝကြီးအဖြစ်မှန် ပြန်စဉ်းစားကြည့်သည်။

အမှန်တော့ ဒီမိန်းမက သူဇာကြီးကို သူ အစကတည်းက ယူရန်အစီအစဉ်မရှိ။

သူဇာနဲ့ဝကြီး ရိုးသားစွာ ခင်မင်နေတုန်းမှာပင် သူဇာတို့ ခေါင်ဦးဖြူမှာ ရုတ်တရက် ပျောက်ဆုံးသွားလေသည်။ ထွက်ပြေးသွားတာလား။ ဒါမှမဟုတ် နှစ်ရှည်ထောင်ကျသွားတာလား သူလဲမသိ။ သူဇာတို့မိသားစုကလဲ မပြော။

ထိုလူကြီး ရုတ်တရက်ပျောက်သွား၍ သူဇာတို့မိသားစုမှာ အားကိုးရာမဲ့ဖြစ်ပြီး ကာရာအိုကေပဲ ထွက်ဆိုရတော့မလိုလို၊ ထွက်ပဲပြေးရတော့မလိုလို ဖြစ်နေတာမြင်၍ ဝကြီးမှာ မနေနိုင်မထိုင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သနားပြီး ဝင်ရောက်ကူညီပံ့ပိုးပေးရာမှ စခဲ့သည်။

တစ်ရပ်ကွက်တည်း မြင်နေတွေ့နေရာမှ ကူညီမိခြင်းပင်။ အစကတော့ ရိုးရိုးပင်။ နောက်တော့ သူ ထောက်ပံ့ကြေးပေးထားသော သူဇာတို့အိမ်မှ

"မောင်ဝကြီး ထမင်းစားပြီးမှပြန်လေ"

မှစ၍

"ညနက်နေပြီ၊ ဒီမှာပဲ အိပ်သွားပါလား"

အလယ်

"သူဇာရေ နင့်အစ်ကိုကို စောင်ခြုံပေးလိုက်ဦး"

မဆုံးတဆုံးဖြစ်လာရာမှ တစ်နေ့မှာတော့ ထူးထူးခြားခြား အဒေါ်ကြီးတစ်ယောက် အူလည်လည်ရောက်လာသည်။ ထိုအဒေါ်ကြီးမှာ ဘယ်သူမှန်းလဲမသိ။ ထိုအဒေါ်ကြီးရောက်ပြီး နှစ်ရက်ခန့်တွင် ဝကြီးယောက္ခမဖြစ်လာမယ့် ဒေါ်ခြူကြီးက

"အေးလေ အမျိုးတွေအကုန်လုံး သိကုန်မှတော့ နင်တို့တွေ ယူလိုက်မှဖြစ်တော့မယ်"

ဆိုတော့ ဝကြီးခမျာ 'အုမ်'ခနဲ ခံလိုက်ရခြင်းပင်။

ဤမှစ၍ ဝကြီးခမျာ မိန်းမအစ၊ ယောက္ခမအလည်၊ မရီးအဆုံး တပြုံးပြုံးလုပ်ကျွေးရာမှ လက်ထက်ပွားမယ်ဝလနှင့် သားငယ်ဝလရှင်တို့ပါ ပေါက်ဖွားလာခဲ့ပေပြီ။

အရင်က ပြစရာအကွက်ဆိုလို့ အနာစိုအနာစက်လောက်သာ ရှိနေရာမှ ဝကြီးလဲ သူဇာတို့အိမ်ပေါ်ရောက်မှ အိမ်ဖော်နှစ်ပါးနှင့် ကန္တားနှင့်ထိကို တိုးတက်လာရသည်။

မိန်းမကြီးသူဇာမှာလဲ အလုပ်မရှိလှည့်လည်အတင်းတုတ်နေရာကနေ နိုင်ငံခြားသွားရလောက်သည်အထိ ဝင့်ကြွားခဲ့ပေပြီ။ ပထမအကြိမ် သူဇာပြန်လာတော့ သူ့မိခင်ဆုံးပါး၏။ ယခု ဒုတိယံပိ





ကျက်သရေဖုံးခြင်းလဲမပြည့်၊
ကျက်သရေချိုတဲ့၍
ထဘီခြုံလျှင်
လှန်စွာအဖြစ်လွယ်သော
ကြက်ပင်မဖြစ်နိုင်သည့်ရုပ်၊

---

ပြန်လာချိန်မတော့

"ရှင့်ကို ကျွန်မ တန်ရာတန်ကြေးပေးပြီးကွာမယ်"

ထူသောဗိုက်ခေါက်နှင့် တွဲရရွဲရင်သားကြား လက်ပုတိုကြီးခါးထောက်၊ ပျောက်နေသော တင်ပါးဆုံကို အရှေ့ငေါ့ကာဖြင့် ခြေကိုထောက်ပြီး ခပ်ပေါ့ပေါ့ ပြောထည့်လိုက်သောစကားကြောင့် ဝကြီးခေါင်းတွေ ချာချာလည်ကုန်၏။

တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်ခဲ့လို့ပဲ စိတ်နာနေတာလား၊ ဘုရားသခင်က အကျိုးပေးလွဲ၍ အကျိုးနည်းစွာ အချိုးလွဲခဲ့သော တိုသောကုတ်၊ ဖောင်းတွဲသောပါးစုံ၊ ပြောင်လုလုဆံနွယ်၊ ခွေခွင်ခေါက်သော မွန်သူရဲကောင်းလက္ခဏာအိမ်ခြေ၊ သမိန်ဗရမ်းလက်၊ ကိုယ်ကြပ်ဝတ်ပါက ချက်နက်နက်ကြီးက ဘွားဘွားကြီးပေါ်အောင် ကရော်ကမယ် လော်လည်နေသောဝမ်းဗိုက်။ အဆီသုံးထပ် အခေါက်သုံးထပ်၊ သားရေသုံးထပ် စုစုပေါင်း ကိုးထပ်ကွန်ဒိုလို အထပ်ထပ်၊ အရစ်ရစ်ထနေသော အဆီပြင်၊ ပင်လယ်ထဲ ပစ်ချလိုက်ပါက ကိုယ့်ရင်သားကိုယ်ဘော်ရာလုပ်ပြီး မဟာဇနက္ကလို ခုနစ်ရက်ခုနစ်လီ ပျော်ပျော်ကြီး ကူးခတ်၍ရသော တွဲရရွဲ။ တံကောက်ခွက်နား ရွှေဘောလုံးလို လည်နေကာ လေလည်လျှင်ပင် မြေပြင်၌ ဖလှားခနဲ ဖုန်ထသွားရလောက်အောင် မဟာပထဝီမြေပြင်နှင့် နီးကပ်ပြီး ခြေမျက်စိအပေါ်ဖက်နားမှာတင်



www.burmeseclassic.com

www.burmeseclassic.com



တွဲရရွဲကျနေ၍ တွေ့ကရာလူယုံအောင် လက်ညှိုးငေါက်ငေါက်ထိုး။ ဘုရားစူး တင်ပါးဆုံဟု ကျိန်ဆိုရသောအနှီ။ ထို့အပြင် ဖရသဝါစာမှ မပါလျှင် ပီယဝါစာမဖြစ်ဟု ထင်နေသော အပြောအဆို။ ထိုအခြင်း အချက် အလက်များဖြင့် နောက် ယောက်ျားဖုဖုကို ထုထုပြီး ယူ၍ရသေးသည် ဟုများ မာန်တက်နေ၍

"ရှင့်ကို ကျွန်မ တန်ရာတန်ကြေးပေးပြီးကွာမယ်"

ဆိုသောစကား ပြောထွက်သည်လားမသိ။

တိုသောအရပ်၊ နံသောသွားဖုံးဝါ၊ စကားများအားရပါးရ ပြောလျှင် ခုန်ခုန်ထွက်လာသောတံတွေး။ မူလျှင်နူနေသည်ဟု ထင်ရ လောက်အောင် ကုပ်ကွေးသွားသော အမူအယာ။ လူတကာမုန်း၍ လူညွန့်တုံးရစေဟု လက်ဝါးတစ်ဖက်ကို အရှေ့ဆန့်ဖြန့်၊ လက်ခုံတစ် ဖက်နှင့် ဖြန့်သောလက်ကို တဖျတ်ဖျတ် အသံထွက်ရိုက်ပြချင်စရာ ချစ်စမွေ။ ရှေးခေတ်က စုန်းမျိုးများမှာ ကျက်သရေတုံးလွန်း၍ ထဘီခြုံလျှင် လင်းတဖြစ်သည်ဟု ကြွေးကြော်သည်ကို ကြားဖူးသည်။ ယခု သူဇာတို့အမျိုးက ဤသို့မဟုတ်။ ကျက်သရေတုံးခြင်းလဲမပြည့်၊ ကျက်သရေချို့တဲ့၍ ထဘီခြုံလျှင် လွန်စွာအဖြစ်လွယ်သော ကြက်ပင် မဖြစ်နိုင်သည့်ရုပ်။ ဤအရေးအားလုံးကိုတွေး၍များ အရပ်တကာ အားကိုးဖြင့်

"ရှင့်ကို ကျွန်မ တန်ရာတန်ကြေးပေးပြီးကွာမယ်"

ဆိုသောစကား ပြောထွက်သည်လားမသိ။

တဖန် စီးပွားရေးဖက်ကိုပြန်ကြည့်။

လက်ထဲ ငွေစရှိသည်နှင့် ဖဲဝိုင်းတစ်မျိုး လောင်းကစားတစ် မျိုး မရိုးရအောင် သွားပြီး ပိုက်ဆံလိပ်ခါးညှပ်၊ တွေ့ကရာစုံပဒပ် ပျားသလပ်၊ မုန့်ခွက်၊ အစုတ်အပြတ်မှန်သမျှ ဟန်တစ်ခွဲသားနဲ့ခူစား၊ အကြွေးများမှ ဂယောင်ဂလည်မျက်လုံးနှင့် ရှုးချင်ယောင်ဆောင်တာ





လား၊ တကယ်ရှူးနေတာလား မသိသောမျက်ခွက်နှင့် "အား ပလူး ပလူး"လုပ်ပြီးပြန်။ အိမ်မှာ ဟန်ကျပန်ကျဝယ်ထားပေးသော ဝမ်း ဆက်၊ ပါတိတ်၊ ချိတ်ပါမကျန်၊ အကုန်ပေါင်နှံပြီးပြန်ဆပ်။ ဒီလိုနဲ့ ငွေယားလေးပြန်ရပြန်ရင်လဲ ပေါင်ထားသည်များ ပြန်မရွေး တပေါး ပေါးမျက်ခွက်ကြီးဖြင့် ဒူးဂွင်း၊ ပါပလာ၊ မာလကာ၊ ချာပါတီ၊ မာကာ သီး၊ နာဝါရှလီ စသည့် စသည့် အမျိုးအမည်မသိသော မုန့်ပေါင်း မုန့်ပျက်များကို ပလုပ်ပလောင်းစား၊ အကြွေးများသည့်အခါ "အား ပလူး ပလူး"နှင့် ရှူးချင်ယောင်ဆောင်၊ အိမ်က တီဗီစလောင်းပေါင် ကောင်းသည့်ဟာမှန်သမျှအား ယူပေါင်။ ရှူးချင်ယောင်ဆောင်။

ထဘီခြုံမှ (လင်းတ)ဖြစ်သည်မဟုတ်။ ငွေကုန်သည်နှင့် လဒ ဖြစ်နေသည့်အမျိုး။

ဤမျှနှင့် လုံးလည်လိုက်နေသည်ကို ယခုတစ်ခါ တစ်ပါး နိုင်ငံခြားက ပြန်လာမှ မြင်မြင်သမျှ တောထွက်ရမည့် တစ်ပြားရုပ် ကြီးနှင့်

"ရှင့်ကို ကျွန်မ တန်ရာတန်ကြေးပေးပြီးကွာမယ်"

ဆိုသောစကားကြောင့် ဝကြီးခမျာ ကြောင်ကရောဖြစ်ရပြန် သည်။ ဤလိုမိန်းမမျိုးက ဘယ်ကငွေရှိမည်နည်း။ အကျင့်၊ ရုပ်၊ အပြောတစ်ခုမှမချောတာ ဘယ်က ငွေရှိမည်နည်း။

"အေးလေ၊ အကြံအစည်ကြီးကြီးနဲ့ နိုင်ငံခြားမှာ ငွေစုခဲ့တာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါမှမဟုတ်လဲ ဖဲနိုင်ထားတာ ရှိချင်ရှိနေမှာ"

ဟု တွေးမိပြီး ခေါင်းမီးတောက်ရလေသည်။

ခေါင်းမီးတောက်ရခြင်းမှာ အခြားမဟုတ်။

ဤသို့အပုပ်ကောင်ကိုမှ တုတ်ထောင်မိသော (တုတ်နဲ့ထောင် မိတာနော်)သူမှာလဲ လက်ထက်ပွား အားအားလျားလျား မွေးထား သော မယ်ဇလနှင့် ဇလရှင်မည်သော ဇလမောင်နှမနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရပါလျှင် မက တစ်ထောင်မှာပင် နှစ်ကောင်ပွားထားသော သမီးနှင့်သားမှာ မိဘများကွဲလျှင် သောင်ပြင်မှလွှတ်သော ရွှေဟင်္သာငယ်များလို ယောင်လည်လည်ဖြစ်ပေတော့မည်။

ကိုယ်တိုင်ကလဲ စီးပွားရေးတစ်ဖက်မှို့ မကြုပ်မတ်နိုင်။ ဒီကြားထဲ မိခင် (သို့မဟုတ်)သူတို့၏မိခင်အစ်မ၊ (သူ့မရီး)မရှိလျှင် မည်သို့ထိန်းမည်နည်း။

သူ၏မရီးမှာ အထူးကြပ်မတ်ဂယောင်ဖြစ်မှန်း ဝန်ခံပါသည်။

မိခင်ကြီး သေကောင်ပေါင်းလဲ အိပ်ရာထဲပက်လက်ဖြစ်နေတာတောင် NGO အဖွဲ့အစည်းထဲဝင်ပြီး တခြားလူများကို လိုက်စောင့်ရှောက်နေရဲသည့်သတ္တိ ရှိကတည်းက ထာဝရဂယောင်ဘွဲ့အပ်နှင်းထားပြီးသား။

လူမှာပွ၏။ ခြေမှာကွ၏။ ခေါင်းကိုကိုင်လှုပ်က ဂလောက်ဂလောက်မြည်၏။ သို့သော် မာသာထရီဇာကို အားကျ၍ သူ့ကိုယ်သူ မားသားဘုတ်ဟု အမည်သညာခေါ်စရာရှိသော အနီဘုတ်အိုးကြီးမှာ ဘာမှအားမကိုးရငြား သူရှိနေတော့ အိမ်ဖော်လေးဘာလေး ငှားထားပေးရ၍ အဆင်ပြေပါသည်။

"ဟိတ် ငါမရှိတုန်း ကလေးတွေကို ဘယ်လိုကြည့်ထားလဲ ပြောစမ်း"

ဂယောင်စကား တာသွား၏။ ထို့ကြောင့် ဘာပဲပြောပြော အနည်းငယ်အထောက်အကူဖြစ်၏။ တခြားသူစိမ်းများနှင့် ထားတာနှင့်စာလျှင် အနည်းငယ်စိတ်အေးရ၏။ သူ့ဘာသာသူ အိမ်ရှေ့အိမ်နောက် ပတ်ပြေးနေရုံမျှနှင့် အိမ်လုံသည်။

"ကဲ ယခုလို လင်မယားကွဲကြမည်ဆိုလျှင်"

ကလေးနှစ်ကောင်ကို သူတို့လက်ထဲမှာ စိတ်ချရမည်လား။ သို့မဟုတ် သူ့လက်ထဲမှာဆိုလျှင်ရော မည်သို့ပြုရမည်နည်း။





နည်းလမ်းကတစ်ခုသာရှိသည်။ ကလေးများကို မိခင်နှင့် မခြား (အမှန်တော့ခြားပါတယ်)ပြုစုနိုင်မည့် နောက်မယားငယ်တစ်ယောက်ကို မယူချင်ပါဘဲ ဇွတ်မှိတ်ယူရုံသာ ရှိပေတော့မည်။

ထိုသို့ထပ်ယူလျှင်လဲ နောက်ထပ်ယောက္ခမက ထပ်ပါလာလေတော့မည်။ မည်သို့ပြုရမည်နည်း။

ဝကြီးသက်ပြင်းချမိသည်။

တစ်နည်းပြန်စဉ်းစားသော်လည်း

"နေကွာ၊ ဒီကောင်မ ဘာလို့မာန်တက်နေတာလဲ၊ ငါနဲ့ကွာပြီးမှ သူတို့ဘာကောင်တွေဆိုတာ သိမယ်"

ဟု ယတိပြတ်ဆုံးဖြတ်ကာ သူတို့အဆုံးအဖြတ် ခံယူရန်သာ ပြင်ဆင်လိုက်လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီးက မျက်မှန်ကိုကျော်၍ သူတို့ကိုကြည့်သည်။
"ကွာရှင်းမယ်ဆိုတာ သေချာပြီလား"
ရွှေနေစကားကို သူဇာက ရင်ပျော့ပျော့ကိုကော့ပြီး
"သိပ်သေချာတာပေါ့ရှင်၊ ကွာရှင်းဖို့အကြောင်း ပေါင်းတစ်ရာမကရှိတယ်"
ဝကြီးပင် မျက်လုံးပြူးသွား၏။ ထို့ကြောင့်
"ဟင် ငါ့ကိုကွာဖို့အကြောင်း ပေါင်းတစ်ရာမက ရှိတယ်ဟုတ်လား"
သူဇာက နဂိုမဲ့မျက်နှာကိုမဲ့ပြီး
"သိပ်ရှိ၊ အများကြီးရှိ"





"ဒါ ဒါဆိုပြောပြပါဦး"
ဝကြီးသိချင်စိတ်နှင့် မေးသည်။ ဒါကို ဇာကြီးက
"ရိုးရိုးလေးပဲမေးမယ် ကိုဝကြီး၊ ရှင်နဲ့ကျွန်မ အသက်ဘယ်လောက်ကွာလဲ"
"ဆယ့်နှစ်နှစ်"
"အဲဒါပဲ စဉ်းစားကြည့်ပါ ရွှေနေကြီးရယ်၊ ကျွန်မက အသိမကြွယ်သေးတဲ့ ဆယ့်ရှစ်နှစ်အရွယ် ပထမနှစ်ကျောင်းသူ၊ သူက လူကြီး၊ အဲဒီကတည်းက အသိမကြွယ်သေးတဲ့ ကျွန်မကို အဟင့်အဟင့်၊ သူက မြူဆွယ်ပြီး အဟင့်အဟင့်"
သူဇာ မျက်ရည်ပါ ပတစ်ခနဲ စိမ့်ထွက်လာ၏။ ဒါကို ဝကြီးက
"အာ ဘာတွေလာပြောနေတာလဲ၊ နင့်ကို အရွယ်မရောက်သေးဘူးလေး ဘာလေးနဲ့ ငါ့ဘာသာငါမောလို့ အိမ်အပေါ်တက်အိပ်နေတာ၊ နင်ပဲ ခြေဖလာတဲ့တက်ခွပ်သွားလို့ ငါ့မှာ အောက်အီးအီးအွတ်တောင် မအော်နိုင်လိုက်ဘူး"
"ဒေါက်ဖိနပ်ချွတ်ခဲ့လို့၊ အဲလေ မှားကုန်ပြီ"
သူဇာကြီး မျက်နှာပျက်သွား၏။ အဖြစ်မှန်ဖြစ်နေ၍ သူမငြင်းသာ။ ထို့ကြောင့်
"အဲဒီတုန်းကတော့ ငယ်တုန်းရွယ်တုန်းမို့ မှားတာထားပါတော့၊ နောက်တစ်နေ့မနက်မှာ"
"ဘာတွေလျှောက်ပြောနေတာလဲ၊ အဲဒီတုန်းကလဲ မနက်ဝေလီဝေလင်းကြီး နင်ဂေါပကနဲ့အတူ ငါ့ကိုနှိုးပြီးဆော်၊ အဲလေ နှိုးဆော်သွားတာလေ၊ ငါ့မှာ ဘွန်ကွေ့ာတောင် အော်ယူရတယ်"
သူဇာကြီး မျက်နှာပျက်သွားပြန်၏။ အဖြစ်မှန်ကလဲ ဤအတိုင်းပင်။ ထို့ကြောင့် နောက်တစ်နည်းလှည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါထား၊ အဲဒါထား၊ အဲဒီအကြောင်းတွေ မပြောတော့ဘူး၊ ရှင်နောက်တစ်ခါ ကျွန်မတို့မိဘတွေမရှိတုန်း အိမ်ရောက်လာပြီး အပဟင့်အပဟင့်၊ ပြီးတော့ ရှင်ဥပေက္ခာပြုသွားတာတွေ မှတ်မိလား"

"သောက်ပိုက် ပြောပြန်ပြီ၊ အဲဒီတုန်းကလဲ နင့်ဘာသာနင် ဟိုသင်းပြုပြီး ငါ့ခုကိုပစ်ပြီး ခါထွက်သွားတာလေ၊ ငါတောင် အိမ်စောင့်နေပေးလိုက်ရသေး"

သူဇာကြီး မျက်လုံးကလယ်ကလယ် ဖြစ်သွားပြန်သည်။ အားလုံးက အဖြစ်မှန်တွေမို့ မပြောရဲ။ ဟိုကအဖြစ်မှန်အစအဆုံး ဖော်လိုက်မှ နဂိုမရှိသောအရှက် ဇီးရိုးမှမိုင်းနက်(စ်)အောက် ရောက်သွားရပေမည်။ ထို့ကြောင့် စကားလမ်းကြောင်းလွှဲပြီး

"အဲဒါမပြောတော့ဘူး၊ အဲဒါတွေမပြောတော့ဘူး၊ ရှင် ကျွန်မအမေကို ကျူးလွန်ခဲ့တာတွေ၊ မိုက်ရိုင်းခဲ့တာတွေပြော"

"ဘာလဲ၊ နင့်အမေကို တစ်သက်လုံးကျွေးခဲ့လို့ စိတ်နာနေတာလား"

"အုမ်"

ဒါလဲဟုတ်နေတော့ ဘာပြောရမှန်းမသိ။ ဒါတောင် မာန်တင်းပြီး

"ကျွေးတယ်ဆိုတာ ရှင် ကျွန်မကို ယူထားတာလေ၊ ကျွေးရမှာပေါ့"

"ငါယူတာ နင့်တစ်ယောက်လေ၊ နင့်အမေရော မင့်ဒအစ်မရော၊ နင်တို့တစ်ဆွေတစ်မျိုးလုံး ယူထားတာမှ မဟုတ်တာ၊ ဒီလောက်ကျွေးတာကကောင်း"

"ရှင်မုန့်ဟင်းခါးစားရင် ဟင်းရည်အဆစ်မတောင်းဘူးလား"

"တောင်းတယ်လေ၊ အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ရှမ်းခေါက်ဆွဲစားတော့ရော ဟင်းရည် အချဉ်တွေ ရှင်





နင့်အမေ အကောင်းအတိုင်းရှိတုန်း
ဘာသောက်လုပ်မှ မလုပ်ဘဲ
အိမ်ရာထဲဘုန်းဘုန်းလဲ
လူမမာ မကြည့်ချင်တာနဲ့
အလုပ်လုပ်ချင်ယောင်ထွက်ဆောင်တာ
ငါက မတားရဘူးလား

တောင်းစရာလိုလား"

"မလိုဘူးလေ၊ သူ့ဘာသာသူ လာချပေးတာပဲ"

သူ့စကားကို သူဇာကြီး ရင်ပြားကော့ပြီး

"အေး မိန်းမယူရင်လဲ ဒီလိုပဲ၊ အဆစ်မယူရင်လဲ သူ့ပါသင့်တဲ့ ငရုတ်သီး၊ ကြက်သွန်၊ အချဉ်က သူ့အလိုလိုပါလာပြီးသား တောင်းစရာမလိုဘူး"

"အုမ်"

အင်မတန်လည်ပတ်သောဝကြီးပင် ကြောင်ကရော့ဖြစ်သွားသည်။

"နောက်ပြီး ရှင် ကျွန်မအမေသေကာနီး ဘာတွေလုပ်ပေးခဲ့လို့လဲ"

"ဟင် နင့်အမေကြီးသေကာနီးမှ မဟာမြိုင်ကလက်ဖက်ရည် သွားပြေးဝယ်ပေးခဲ့တာလေ၊ အဲဒါ ငါလေ"

"အဲဒါထား၊ အဲဒါထား"

သူဇာကြီးမှာ ပြောစရာမရှိ။ ထို့ကြောင့် ရှာကြံပြီး

"ရှင် ကျွန်မအမေ အသုဘကျတော့ ရှင်မလာဘူးမဟုတ်လား၊ အဲဒါ ရှင့်အပြစ်"



www.burmeseclassic.com

www.burmeseclassic.com



သူဇာကြီး အပြစ်တစ်ခုရ၍ ဝမ်းသာသွားသည်။ ဒါကို ဝကြီးက

"အဲဒါ အပြစ်မဟုတ်ဘူးလေ"

"ဘာလို့လဲ"

"နင့်အမေနဲ့ငါ ကတိထားခဲ့ကြတယ်လေ"

"ဘာကတိလဲ"

သူဇာ မျက်မှောင်ကြုတ်သွားသည်။ ဒါကို ဝကြီးက

"ငါသေရင်လဲ နင်မလာနဲ့၊ နင်သေရင်လဲ ငါမလာဘူးဆိုတဲ့ ကတိလေ"

"အိစ်"

ဒါလဲဟုတ်နေ၍ သူဇာကြီးပါးစပ်ပိတ်သွားပြန်သည်။ ပြီးမှ

"အဲဒါထား"

လုပ်ပြန်သည်။ ဝကြီးက စိတ်ပျက်လက်ပျက်ကြည့်သည်။

"ရှင် ကျွန်မအမေ မဆုံးခင်က အစ်မက တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင် အလုပ်ထွက်လုပ်တာ ရှင်ကန့်ကွက်ခဲ့တယ် မဟုတ်လား"

"မကန့်ကွက်လို့ဖြစ်မလား၊ နင့်အမေ အကောင်းအတိုင်းရှိတုန်း ဘာသောက်လုပ်မှ မလုပ်ဘဲ အိပ်ရာထဲဘုန်းဘုန်းလဲ လူမမာမကြည့်ချင်တာနဲ့ အလုပ်လုပ်ချင်ယောင်ထွက်ဆောင်တာ ငါက မတားရဘူးလား"

"အုမ်"

ဒါကိုလဲ သူဇာကြီးမငြင်းနိုင်။ ဒါကလဲ အဖြစ်မှန်ကြီးကို။ ထို့ကြောင့် တစ်မျိုးလှည့်၍

"ဒါတွေထားဦး၊ ကျွန်မ နိုင်ငံခြားသွားတော့"

"ငါပဲပို့တာလေ"





"ကလေးနှစ်ကောင်က"

"ငါကျွေးထားလို့ နင့်အစ်မလက်ထဲမှာဆို သူတောင်းစားဖြစ်တာ ကြာပေါ့"

သူဇာခမျာ ဝကြီးချေပချက်များကို တအုမ်အုမ်နှင့် ခံနေရသည်။

"ဒါပေမယ့် တစ်ခုရှိတယ်၊ ကျွန်မတို့မိသားစုအကြောင်းကို ရှင်မကောင်းကြောင်း ပြောခဲ့တယ်မဟုတ်လား"

"ဒါကြောင့် တစ်နိုင်ငံလုံးရယ်ကြရတယ်လေ၊ ကုသိုလ်မရဘူးလား"

ဘာပြောပြော သူချည်းရှုံးနေသော်လည်း သူဇာကမလျှော့။

"ဒါပေမယ့် ရှိသေးတယ်"

"ကဲ ကဲ တော်ကြပါတော့၊ တော်ကြပါတော့"

နံဘေးနားရှိနေသော ရွှေနေကြီးဝင်တားမှ ငြိမ်တော့သည်။ ရွှေနေကြီးမောင်ဥမှပင်

"ငယ်ကျိုးငယ်နာတွေ ဖော်နေရုံနဲ့ ပြီးမှာမဟုတ်ဘူး၊ ကဲ အခု ဘာလုပ်ကြမလဲပြော"

ရွှေနေကြီးမောင်ဥစကားကို သူဇာရင်ကော့၍

"အဲဒီအကြောင်းအချက်ရာချီတွေအတွက် သူနဲ့ကျွန်မကွာမယ်၊ ဒါပဲ"

"အောင်မာ သောက်ဖောင်းတွေချည်း ကြိုးချည်လွှတ်ရင် ဘင်လားပင်လယ်အော်ကိုတောင် ဖောင်မလိုဘဲ မျှောချလို့ရတဲ့ ကောင်မကများ"

"ကဲ တော်ပါတော့ဗျာ၊ လိုရင်းလေးပြောရအောင်"

ဦးမောင်ဥစကားကြားမှ နှစ်ယောက်သား အသံတိတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ဟာက တရားရုံးမှာလဲ
လက်မထပ်ခဲ့ လူသိရှင်
ကြားမင်္ဂလာလဲ မဆောင်ခဲ့၊
နှစ်ဖက်မိဘတွေလဲ အသိမပေးခဲ့တဲ့
ဘယ်လို
အကြင်လင်မယားဖြစ်မှာလဲ

---

"ကဲ ကွဲမယ်ကွာမယ်ဆိုတာ တကယ်သေချာပြီလား"
ထိုအမေးကို သူဇာက ရင်ပျော့ပျော့ကော့၍
"သေချာတယ်၊ လုံးဝအပြောင်းအလဲမရှိ"
ရွှေနေက ဝကြီးဖက်လှည့်၍
"ကဲ ဝကြီးကရော"
သူဇာဖက်ပြန်လှည့်ကြည့်၍
"နင်သေချာတယ်နော်"
သူဇာက တစ်ဖက်ပင်လှည့်သွားပြီး
"သိပ်သေချာတာပေါ့ ဟွင်းဟွင်းဟွင်း"
ဝကြီးခေါင်းတဆတ်ဆတ်ညိတ်ပြီး
"နောက်မှ ရှူးချင်ယောင်ဆောင်ပြီး လာငိုပြမနေနဲ့နော်"
"နိုး လုံးဝအစီအစဉ်မရှိ"
သူဇာက ပြတ်သားသည်။ ထိုတော့ ဝကြီးကလဲ
"အေး နင်ပြတ်သားရင် ငါလဲပြတ်သားတယ်၊ ကွာမယ်၊ ဒါပဲ"
ရွှေနေကြီးက သက်ပြင်းချသည်။ ပြီးနောက် ထပ်မေးသည်။
"ကွာမှာသေချာတယ်နော်"
"သြော် သေချာပါတယ်ဆိုမှ"





"မြန်မြန်ပြီးအေးတာပဲဗျာ၊ ကွာမယ်၊ ဒါပဲ"

နှစ်ယောက်လုံးပြတ်သားသော အဖြေကြားမှ ရွှေနေကြီးက

"ကဲ ဒါဆိုလဲ တရားဝင်ကွာရှင်းနိုင်အောင် တရားရုံးသွားကြရမယ်၊ အဲဒီတော့ လက်ထပ်စာချုပ်ပြ"

"ဟင်"

"ဘာ"

ရွှေနေကြီးအမေးကြောင့် နှစ်ယောက်သား ကြောင်သွား၏။ ရွှေနေကြီးက နှစ်ယောက်လုံးကိုကြည့်ပြီး

"အေးလေ၊ တရားရုံးမှာ လက်ထပ်စာချုပ်ပြပြီး တရားဝင်ကွာရှင်းခွင့်တောင်းရမှာ၊ အဲဒီအတွက် လက်ထပ်စာချုပ်လိုတယ်လေ"

နှစ်ဦးလုံး ဇဝေဇဝါဖြစ်ကာ တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ကြသည်။ နောက်မှ

"လက်ထပ်စာချုပ်"

"အဲဒါက ဘာလဲဟင်"

နှစ်ဦးလုံး ဇဝေဇဝါ။ ရွှေနေက သူတို့ကို တအံ့တသြကြည့်ပြီး

"ဟင် ခင်ဗျားတို့နှစ်ယောက် အကြင်လင်မယားအဖြစ် ပေါင်းသင်းတုန်းက တရားရုံးမှာ လက်ထပ်စာချုပ် မချုပ်ခဲ့ဘူးလား"

နှစ်ယောက်သား ပါးစပ်အဟောင်းသား ဖြစ်နေသည်။ နောက်မှ ခေါင်းခါပြီး

"ဟင့်အင်း"

"အဲလိုလုပ်ရမှန်းကို မသိတာ"

ရွှေနေကြီး ခေါင်းကုတ်သွားသည်။ နောက်မှ သတိရပြီး မျက်နှာဝင်းလက်ကာ

"သြော် ဒါဖြင့် နှစ်ဖက်ဆွေမျိုးတွေရှေ့မှာ မင်္ဂလာဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ယူခဲ့ကြတာလား"

"မင်္ဂလာ"

"ဘာမင်္ဂလာလဲဟင်"

နှစ်ယောက်လုံး အူကြောင်ကြောင်ဖြစ်နေပြန်သည်။ ဒါကို ရှေ့နေကြီးက

"ဟိုလေ၊ ဟိုတယ်မှာဖြစ်ဖြစ်၊ အဲဒါမှမဟုတ် ကိုယ့်ရပ်ကွက်မှာ မဏ္ဍပ်တွေဘာတွေထိုး အဝတ်အစားလှလှတွေဝတ်ပြီး နှစ်ဦးသဘောတူ မင်္ဂလာဆောင်တာမျိုး"

နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ ပြီးနောက် ဇဝေဇဝါဖြင့်

"ဟင့်အင်း အဲဒီလိုလဲ မလုပ်ခဲ့ပါဘူး"

"အဲဒီလိုလုပ်စရာလား"

"ဟာ ဘာတွေလဲကွာ"

ရှေ့နေကြီး ခေါင်းတွေကုတ်ကုန်၏။ ပြီးမှ တစ်ခုကိုသတိရပြီး

"အဲ ဒါဖြင့် ဟိုလေ၊ နှစ်ဖက်မိဘရှေ့ အသိအမှတ်ပြုကန်တော့ပြီး အကြင်လင်မယားဖြစ်ခွင့်ပေးပါဆိုပြီး တောင်းဆိုခဲ့ဖူးလား"

သူ့အမေးကို နှစ်ယောက်လုံးခေါင်းခါပြီး

"ဟင့်အင်း မလုပ်ဖူးပါဘူး"

"လုပ်စရာလား၊ ဒီအဘိုးပေါလောကြီးတွေကို ကန်တော့စရာလား"

"ရှင်နော်"

"ကဲ တော်ကြပါတော့"

ရှေ့နေမှပင် တားယူရပြန်သည်။ နောက်မှ ရှေ့နေက ငိုမဲ့မဲ့နှင့်





"ခင်ဗျားတို့ဟာက တရားရုံးမှာလဲ လက်မထပ်ခဲ့၊ လူသိရှင်ကြားမင်္ဂလာလဲ မဆောင်ခဲ့၊ နှစ်ဖက်မိဘတွေလဲ အသိမပေးခဲ့ဘဲ ဘယ်လို အကြင်လင်မယားဖြစ်မှာလဲ"

"အဲဒီတော့"

ဝကြီးအမေး။ ဒါကို ရှေ့နေက

"တရားဝင်လင်မယား မဖြစ်ထားတဲ့ဟာ၊ ဘာကွာစရာရှိလဲ၊ တကတည်းဗျာ"

"ဟာ"

"ဟင်"

နှစ်ယောက်လုံး အံ့အားသင့်သွား၏။ မှန်ပေသည်။ သူတို့လင်မယားပေါင်းလာတာ ကလေးနှစ်ယောက်သာ ရလာတာ၊ ဘယ်တုန်းကမှ အသိအမှတ်ပြုပေါင်းသင်းခဲ့ခြင်းမျိုးမရှိခဲ့။ ဒီလိုပဲ သူလိုကိုယ်လိုနေရင်း ဗိုက်ကြီးလာလိုက်၊ ကလေးမွေးလိုက်နှင့် သူ့ဘာသာသူ ဟုတ်နေတာ။ ယခု ရှေ့နေပြောတော့မှ တရားမဝင်မှန်း သိရလေသည်။ ထို့ကြောင့် ဝကြီးလဲဝမ်းသာပြီး

"ဒါဆိုလဲ ပြီးတာပဲလေ၊ အစကတည်းက မညားခဲ့တာ၊ ဘာကွာစရာလိုလို့လဲ၊ ဒါပဲပေါ့"

သူ့စကားကို သူ့ဇာက တစ်စခန်းထပြီး ပျာပျာသလဲဖြင့်

"ဟာ ဒီလိုမကွာလို့မဖြစ်ဘူး၊ မကွာလို့မဖြစ်ဘူး"

သူ့စကားကြောင့် ရှေ့နေကြီး မျက်မှောင်ကြုတ်သွားပြန်၏။

"ဘာဖြစ်လို့လဲ"

သူ့ဇာက ပျာပျာသလဲဖြင့်

"ဘာဖြစ်လို့လဲဆိုတော့"

ဂယောင်ဆိုတော့ စဉ်းစားရသေး၏။ နောက်မှ သတိရပြီး

"အဲ အဲဒီလိုမှ မကွာရှင်းထားရင် ကျွန်မကိုလိုက်ပြီးအနှောင့်



www.burmeseclassic.com

www.burmeseclassic.com



နှင်နဲ့ညားတော့မှ ငရဲဆိုတာ
ဘာလဲဆိုတာ
ဒီကောင်သိသွားမှာ၊ ထို့
ဒီလိုကောင်မျိုး နှင်နဲ့ညားပြီး ငါ
ငရဲရောက်စေချင်နေတာ

---

အယှက်ပေးရင် ဘယ်လိုလုပ်မလဲ"

ဝကြီးက မဲ့ရွဲ့ပြီး

"ဝေးသေး၊ နင့်ကို အနှောင့်အယှက်ပေးဖို့ မပြောနဲ့၊ အနား ကပ်ရင်တောင် ရွံလွန်းလို့"

"ရှင် အဲလိုမပြောနဲ့၊ ကျွန်မချိုင်းမွေး မရိတ်ရသေးလို့"

"ကဲ တော်ပါတော့၊ သူဇာက ဘာပြောချင်တာလဲ"

ရွှေနေကြီးက ကြားဖြတ်ဟန့်တားသည်။ ဒါကို သူဇာက

"ဟို ဟိုလေ၊ ကျွန်မ ကျွန်မနောက်လင်၊ အဲ နောက်အိမ် ထောင်တွေဘာတွေပြုတဲ့အခါ သူလိုက်ရှုပ်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဟင်"

"ဟာ"

သူဇာကြီး၏ ထင်မှတ်မထားသော စကားကြောင့် ရွှေနေ ကြီးမောင်ဥရော ဝကြီးပါ အံ့အားသင့်သွားသည်။ နောက် ဝကြီးက အံ့ဩတကြီးနှင့် သူဇာကိုလက်ညှိုးထိုးကာ

"နင်က အိမ်ထောင်ပြုမယ်"

သူဇာ တိုနေသောခေါင်းကိုထောင်ကာ

"လုပ်သင့်လုပ်ရမှာပေါ့ ဟင်းဟင်း"

သူ့စကားကို ဝကြီးက





"အေး နင်နောက်ယောကျ်ားယူရင် လမ်းထိပ်က မောင်သန့် ကိုယူပါလား"

သူဇာမျက်မှောင်ကြုတ်သွားသည်။ ပြီးမှ

"ဘာလို့လဲ"

ဝကြီးက အားရဝမ်းသာဖြင့်

"အဲဒီကောင်ငါကြည့်မရလို့ဟ၊ တစ်ခါတည်း ထောက်ကြွ ထောက်ကြွနဲ့ ပိုက်ဆံရှိတယ်ဆိုပြီး မော်နေတာ၊ နင်နဲ့ညားတော့မှ ငရဲဆိုတာ ဘာလဲဆိုတာ ဒီကောင်သိသွားမှာ၊ ထို့ ဒီလိုကောင်မျိုး နင်နဲ့ညားပြီး ငါ ငရဲရောက်စေချင်နေတာ"

"အုမ်"

သူဇာ သူထင်သလိုမဟုတ်၍ ခံလိုက်ရပြန်သည်။ သူ ထင် ထားတာက သူနောက်အိမ်ထောင်ပြုမည့်အကြောင်း ပြောလိုက်ပါက ဝကြီးပျာတောက်သွားမည် ထင်ခဲ့တာကိုး။ ယခု သူထင်သလိုမဟုတ် ၍ ဘာဆက်ပြောရမှန်းမသိ။ နောက်မှ သတိရပြီး

"အို ဘာဖြစ်ဖြစ်၊ သူနဲ့အရင်ကွာမယ်၊ ပြီးမှ ကျန်တဲ့ပလန် တွေ ဆက်သွားမယ်၊ အဲလိုကွာဖို့ ဘာလုပ်ရမလဲ ပြော"

ရွှေနေကြီးက ခေါင်းကုတ်ပြီး

"ပြောပြီးပြီလေ၊ တရားဝင်မှ မယူထားရင် ဘယ်လိုကွာရှင်း မလဲ၊ တကယ့်တရားဝင်ကွာရှင်းချင်ရင် လက်ထပ်စာချုပ်၊ ဒါမှမဟုတ် တရားဝင်လက်ထပ်မင်္ဂလာပွဲ၊ ဒါမှမဟုတ် မိဘစုံညီအသိပေးထားရ မယ်"

သူဇာ တစ်ချက်တွေဝေသွား၏။ သူ့မှာလဲ ဝကြီးကို တရား ဝင်ကွာရှင်းဖို့ မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်နေပုံ။

အတန်ကြာမှ

"ဟုတ်ပြီ၊ ကျွန်မသိပြီ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး သူဇာကိုငေးကြည့်သည်။ သူဇာက ရှိစုမဲ့စု တင်ပါးဆုံအပျော့ကို ရမ်းခါလမ်းသလားပြီး

"တရားဝင်လက်ထပ်ပြီးမှ ကွာရှင်းလို့ရမယ်ဆိုရင်"

စကားမဆက်သေးဘဲ ဝကြီးကို ခပ်တည်တည်ပြန်ကြည့်သည်။ ပြီးမှ

"ရှင်နဲ့ကျွန်မ တရားဝင်လက်ထပ်မယ်"

"ဟင်"

သူဇာစကားကြောင့် ဝကြီးပင်ကြောင်သွား၏။ နောက် ကယောင်ကတမ်းဖြင့်

"ဟင် ကလေးနှစ်ယောက်ရမှ"

သူဇာ ခေါင်းကိုမော့ပြီး

"ဟုတ်တယ်၊ ဟောလီးဝုဒ်မှာလဲ အများကြီး"

"ဟင် ဟိုက ဟောလီးဝုဒ်၊ ဒါက မြောက်ဒဂုံ"

"မလိုချင်ဘူး၊ ရှင်နဲ့ကျွန်မ တရားဝင်ကွာရှင်းနိုင်အောင် လက်ထပ်ရမယ်"

ဝကြီးတင်းသွားသည်။ ကလေးနှစ်ယောက်ရပြီး တစ်ယောက် မျက်နှာတစ်ယောက်မကြည့်ချင်ဖြစ်မှ ပြန်ပြီးလက်ထပ်ရမှာကိုး။ ထို့ ကြောင့် ပြီးပြီးရောသဘောဖြင့်

"ကဲ ဒါဖြင့်၊ မင်းသဘော၊ ကဲ ပြော ဘယ်တရားရုံးမှာ သွား လက်မှတ်ထိုးရမှာလဲ"

သူဇာရင်ကော့လိုက်သည်။

"မလိုပါဘူး"

"ဘာ"

ဝကြီး ဇဝေဇဝါ။

"တရားရုံးမသွားဘူး"





"ဟင် ဒါ ဒါဆို"

ဝကြီးကယောင်ကတမ်းစကား။ ဒါကို သူဇာက ခြေတစ် ဖက်ကို ဖျတ်ခနဲလှည့်ပြီး

"ရှင်နဲ့ကျွန်မ ခမ်းခမ်းနားနားကို ပြန်ပြီးမင်္ဂလာဆောင်မယ်"

"ဘာ"

ဝကြီးထခုန်သည်။ သူဇာက အသက်ကို ခပ်ပြင်းပြင်းရှူပြီး

"ဒါဟာ ဆုံးသွားတဲ့အမ်းမကြီးရဲ့ အဖြစ်ချင်ဆုံးဆန္ဒ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



သက်ပျောက်ထိမ်းမြား ရက်လည်မွေးနေ့မင်္ဂလာ ဆွမ်းသွပ်ပွဲတော်ကြီး ညှိုးနွမ်းသောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

"နင်မေစကပ်"

ခေါင်းစဉ်ကိုကြည့်ပြီး ဝကြီးလန့်အော်မိသည်။

လန့်ဖျပ်ပြီး ဆက်ဖတ်ကြည့်တော့

ရန်ကုန်မြို့နေ

ကလေကဝ ဘ/ဦးပိန်၊ မိ ဒေါ်ဝိန်တို့၏

တစ်ဖွေတည်းသော သားဆိုး မောင်ဝကြီး

(ကြံ့ခိုင်ကျုပန်း)DKBA(မှတ်ချက်။ ဒီကောင်ကိုသိအောင်မှ ညှပ်ထားသည်ဆိုပဲ)နှင့်





ရန်ကုန်မြို့နေ

ဘ/ဦးမြ(ဘုရားခွဲစည်းရိုးနှစ်ချောင်းဒါယိကာ)၊ ရှင်တစ်ပါးဘဝ တစ်ပါး ဒါယိကာမ

နှလုံးလှမာတာမိခင်ဒေါ်ခြူကြီး(ခ)အမ်းမ..

တို့၏သမီးချော

လှန်းဌေးဌေး(စျေးတက္ကသိုလ်)(ခ)မားသားဘုတ်၊ (ကိုးအိမ်ဟာပိုမာ)

(ရှစ်ထ NGO)(နှစ်ယောက်ဖူး)

တို့၏ညီမငယ်

ရွှမဝ မယ်ဖလနှင့် ဖလရှင်တို့၏ တစ်ဦးတည်းသော မာတာရင်း

သူကာ(ခ)ကကြီး

ဒေါ်တူ ဂျုနိုပြည်၊ ဒေါ်တူ မြန်မာပြည်၊ ဒေါ်တူ လူပြည်၊

မကြာမီ PHD (ပိုခနဲမြည်ပြီး ထားရေအိပ်နေကာ မကြာခင် D ထွက်တော့မည်)

တို့၏ မင်္ဂလာပွဲနှင့်အတူ

သူကာကြီး၏ မာတာအမ်းမတစ်ယောက်

အသက်ပျောက်ပြီး တစ်သက်တာကျွယ်လွန်ခြင်း နှစ်လည်ဆွမ်းသွပ်ပွဲနှင့်အတူ

အမ်းမကြီး၏ မွေးနေ့ရက်လည်ကိုပါ တပူးတတွဲတည်း ပျော်ပွဲဆင်နွဲပါမည်ဖြစ်ပါ၍

အောက်ပါအစီအစဉ်အတိုင်း လက်ဆောင်ပစ္စည်း အလှူငွေစက်၊ ငွေများနှင့်အတူ

မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

"နင့်မေစကပ်"

ဝကြီးလန့်အော်မိပြန်သည်။ ဒီတစ်ခါ ဝကြီးအော်သံက ပို ကျယ်သွားသည်ထင့်။ နံဘေးနားက အလုပ်ရှုပ်နေသော သူဇာကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ ခေါင်းထောင်သွားသည်။ နောက် သူဇာက ဝကြီးဖက်လှည့်ပြီး

"ဘာလဲ၊ ကျွန်မအမေ အမ်းမစကပ် လိုချင်လို့လား၊ စကပ်ကိုခေါင်းပေါင်းပေါင်းဖို့ထင်တယ်၊ အန္တရာယ်ကင်းအောင် အဟိ"

ထိုစကားကြားတော့ ဝကြီးတင်းသွားသည်။

"နင့်မေကြီးတော်၊ အမြင်မတော်လို့ ထအော်တာဟော့ သိရဲ့လား၊ နင့်မေစကပ်ရဲ့"

သူ့စကားကို သူဇာက ဘယ်လိုလှည့်လှည့် ဆုံလည်ကုလားထိုင်လို လည်ထွက်နေသော သူ့တင်ပါးဆုံကိုလှည့်ပြီး

"အို၊ အမ်းမက တရုတ်စပ်မို့ စကပ်ဝတ်တာ ဘာဖြစ်လဲ"

"အေး တရုတ်စပ်မို့ တစ်ရက်စုတ်နေတာ၊ ကြည့်စမ်း နင်တို့ဖိတ်စာ"

ဝကြီး ဒေါသတကြီး ဖိတ်စာကို ပစ်ချလိုက်သည်။ သူဇာက ဖိတ်စာကို မျက်မှောင်ကြုတ်ကြည့်ရင်း

"ဘာဖြစ်လို့လဲ၊ ဖိတ်စာက မမွှေးလို့လား၊ မွှေးပါတယ်"

"အဲဒီမွှေးတာကိုပြောတာမဟုတ်ဘူး၊ ဖိတ်စာမှာ နင်တို့ ဘာရေးထားလဲ ပြန်ဖတ်ကြည့်ဦး"

သူဇာ သူ့ဖိတ်စာကိုသူပြန်ငုံ့ဖတ်ကာ

"သက်ပျောက်ထိမ်းမြား ရက်လည်မွေးနေ့မင်္ဂလာဆွမ်းသွပ်ပွဲတော်ကြီးလေ ဘာဖြစ်လို့လဲ"

သူဇာစကားကြားတော့ ဝကြီးပိုတင်းသွားသည်။ ထို့ကြောင့် ဖိတ်စာစာရွက်ကို လက်ညှိုးနှင့် တဒေါက်ဒေါက်ထောက်ပြီး

"အဲဒါမျိုး နင်တို့ဘယ်မှာကြားဖူးလဲ၊ သက်ပျောက်ထိမ်းမြား ရက်လည်မွေးနေ့ဆွမ်းသွပ်တဲ့ ကမ္ဘာမှာတောင် ဒီဖိတ်စာမျိုး မြင်ဖူးရဲ့လား"

သူ့စကားကို သူဇာ တိုသောကုတ်၊ သေးသောခေါင်းကိုမော့





နင့်အမေ
တမင်ချိန်ပြီးသေသွားတာ၊
အကွမ်းယူချင်လို့
တမင်ချိန်သေတာ၊ ဘယ်နှယ်
မွေးနေ့နဲ့ရက်လည်ကို ချိန်ပြီး
ဆောက် ခုန်သေယစ်ချင်ရတာယ်လို့

ပြီး

"ကမ္ဘာမှာ မပေါ်ဘူးတာကို၊ သူဇာတို့ဖော်တာလေ၊ ဖော်တာမပေါ်လား"

"အေး ပေါ်တာမှနင့်မေစကပ်လိုကိုပေါ်တာ"

ဝကြီးသည်းမခံနိုင်၍ ထအော်ပြန်သည်။ ဒါကို သူဇာက မခံမရပ်နိုင်ဘဲ

"ရှင် ကျွန်မအမေစကပ်ကြီး ပေါ်တာချည်းပဲ ပြောမနေနဲ့၊ အမ်းမစကပ်က လေအဝှေ့မှာ နေရာလေးရွှေ့သွားတာကိုများ ဟွန်း၊ သူမို့လိုက်ကြည့်ပြီး"

"ထို့ ရွံ့စရာ၊ အဲဒါပြောတာမဟုတ်ဘူး၊ အခု နင့်ဖိတ်စာကြည့်စမ်း၊ မင်္ဂလာဖိတ်စာရော ရက်လည်ဖိတ်စာရော သက်ပျောက်ဆွမ်းသွပ်ရော မွေးနေ့ရော စုံနေတာပဲ၊ ဒါကဘာကြီးလဲ"

ဝကြီးစကားကို သူဇာက ရင်ပျော့ကော့ပြီး

"ဘာလဲ၊ ရှင်က ဒါကို မကျေနပ်ဘူးလား"

"မကျေနပ်ဘူး"

ဝကြီးခပ်ရှင်းရှင်းပင်။ ဒါကို သူဇာကလဲ ရှင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟိုမင်းသမီးလို ခြောက်ကြိမ်လောက်ပွဲလုပ်ချင်လို့လား"

"တိန်"

ဝကြီး ဘာပြောရမှန်းမသိ။ ဒါကို သူဇာက နဂိုရွဲ့မျက်နှာကို ရွဲ့တည့်လိုက်ပြီး

"လုပ်ထည့်လိုက်လို့ မင်္ဂလာတစ်ပွဲ၊ ဒင်နာတစ်ပွဲ၊ ဆွမ်းကပ်တစ်ပွဲ၊ ဆွမ်းသွပ်တစ်ပွဲ၊ မွေးနေ့တစ်ပွဲ၊ နှစ်လည်တစ်ပွဲ၊ တရွှေကြီးတစ်ပွဲ၊ ရှိခိုးတစ်ပွဲနဲ့ သက်ပျောက်နှစ်ပေါက်အောင် ခေါင်းစဉ်တပ်လုပ်ထည့်လိုက်လို့ရတယ်၊ ဘာမှတ်လဲ ဟင်း"

"တုံ"

ဝကြီးမှာ ဘာပြောရမှန်းမသိ။ ယခုခေတ်မှာ မင်္ဂလာပွဲသုံးလေးပွဲ ပြုလုပ်ကြသည်က ခေတ်စားနေသည်မဟုတ်လား။ သို့သော်

"အဲ အဲလောက်ပွဲတွေ လုပ်စရာမလိုပါဘူး၊ မင်္ဂလာပွဲဆိုလဲ မင်္ဂလာပွဲ၊ ဆွမ်းသွပ်ဆိုလဲ ဆွမ်းသွပ် တစ်ပွဲ ခွဲလုပ်လိုက်ရင် ရတာပဲ"

သူ့စကားကို သူဇာက နဂိုရွဲ့ကို ပိုရွဲ့ကာဖြင့်

"အို ဒီလိုလုပ်လို့ ဖြစ်မလား"

ဝကြီးမျက်မှောင်ကြုတ်သွားသည်။

"ဘာလို့လဲ လဲ"

သူဇာက မျက်နှာကိုတင်ပြီး

"ဒါအမ်းမကြီးရဲ့ဆန္ဒ"

"ဘာ"

သေဆုံးပြီးသားအချဉ်တုံးကြီး အသံကြား၍ ဝကြီး ဆံပင်ပါ ထောင်သွား၏။ သူဇာကသာ ဆက်၍

"ဟုတ်တယ်၊ အမ်းမကြီးက ကျွန်မ မင်္ဂလာဆောင်ရင် သူ့မွေးနေ့မှာပဲ ဆောင်ရမယ်လို့ မသေခင် တဖွဖွပြောခဲ့တာ၊ ဒါပေမယ့်





သူ့ရဲ့မွေးနေ့က သူ့ရက်လည်နေ့ဖြစ်နေတာ မတတ်နိုင်ဘူး၊ မင်္ဂလာဆောင်ရင်တော့ သူ့မွေးနေ့မှာပဲဆောင်မယ်၊ ဒါပဲ"

သူဇာစကားကြားတော့ ဝကြီးလဲတင်းပြီး ထခုန်ကာ

"အဲဒါ နင့်အမေ တမင်ချိန်ပြီးသေသွားတာ၊ ဒုက္ခပေးချင်လို့ တမင်ချိန်သေတာ၊ ဘယ့်နှယ် မွေးနေ့နဲ့ရက်လည်ကို ချိန်ပြီး ခေါက်ခနဲသေပစ်ခဲ့ရတယ်လို့"

ဝကြီးစကားကြောင့် သူဇာလဲ ဒေါသထွက်ဟန်ဖြင့်

"ရှင် သေသွားတဲ့ကျွန်မအမေကို ဘာမှပြောစရာမလိုဘူး၊ သူ့ဘာသာသူ ချိန်ပြီးသေသွားတယ်ဆိုရင်တောင် ဒီကိစ္စလွယ်တာမဟုတ်ဘူး၊ မယုံရင် ရှင်ချိန်သေကြည့်ပါလား၊ ရမယ်ဆို ထိုင်တောင်ထန်တော့လိုက်ချင်သေး"

"တောက်"

ဝကြီးတင်းသွားသည်။ ဘာဆက်ပြောရမှန်းပင်မသိတော့။ ဒါကို နံဘေးနားက ဂယောင်ပေါင်းချုပ်ကြီး လွန်းငွေငွေက

"ရှင်းပြမနေပါနဲ့အေး၊ ရှင်းပြနေရင်လဲ ဒီလိုလျှို့ဝှက်နက်နဲမှုတွေကို နားလည်မှာမဟုတ်ဘူး၊ ဟဲ့ ဒါနဲ့ မင်္ဂလာဆောင်မှာ ငါဘာဝတ်ရင်ကောင်းမလဲ"

လွန်းငွေငွေအသံကြားတော့ နဂိုကြည့်မရသော ဝကြီးက

"အေး နင်ကတော့ ဘာဝတ်ဝတ် ကျက်သရေက ရှိလာမှာမဟုတ်ဘူး၊ ဘာမှဝတ်မနေနဲ့"

ဒါကို ဟိုကလဲမခံ။

"အို မဝတ်လို့ရမလား၊ မင်္ဂလာဆောင်မှာ ဘာမှမဆင်ထားရင် သူများအထင်သေးမှာပေါ့"

ဝကြီးဒေါသက တည်နေရာရွှေ့သွားသည်။ လွန်းငွေငွေကော်လှည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဒီလောက်ဖြစ်နေရအောင် မင်္ဂလာဆောင်မှာက နင်လား နင့်ညီမလား"

ဟိုကလဲ မလျှော့။

"အို ဘယ်သူဆောင်ဆောင်ဘာဖြစ်လဲ၊ ဖြစ်နိုင်ရင် တပေါင်းတည်းတောင် ဆောင်လိုက်ချင်သေး၊ ကိုကြီးကလေးလေး ထောင်ကျနေလို့"

"တောက်"

ဝကြီးဒေါသတို့ ဟိုတစ်စဒီတစ်စ ရွေ့နေ၏။ ဒါကို သူဇာက အပြင်ဖက်လှည့်ငေးရင်း လွမ်းဆွေးသံဖြင့်

"ဩော် ဟောဟိုက ထန်းပင်တွေမြင်တော့ ဂျပန်ပြည်တောင် သတိရသေး"

ဝကြီးမျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ"

သူဇာ တစ်ဖက်သို့ ပြန်လှည့်သွားကာ

"ဂျပန်မှာ ထန်းပင်မှမရှိတာ"

"နင့်မေစကပ်"

ဝကြီး ဒေါသတကြီး ထအော်မိပြန်သည်။ ဟုတ်သည်လေ။ ကြွားစရာမရှိ ကြံဖန်ကြွားတာ။ ဟိုမှာ ထန်းပင်မရှိတဲ့ဟာကို၊ ဒီက ထန်းပင်ကြည့်ပြီး ဘာလွမ်းစရာရှိလို့လဲ။ ဒါကို သူရောက်ဖူးတယ် ဘာမှတ်လဲဆိုပြီး တမင်ဝင်ကြွားသွားတာ။

ဝကြီး ဘာမှဆက်မပြောချင်တော့။ ဆက်ပြောနေလျှင်လဲ စကားများတာသာ အဖတ်တင်မည်မဟုတ်လား။ ထို့ကြောင့် ကုပ်ချောင်းချောင်းနှင့်သာ အပြင်ထွက်လာရသည်။

× × ×





သက်ပျော်ကို၊ ထိမ်းမြားရက်လည်မွေးနေ့မင်္ဂလာ ဆွမ်းသွပ်ပွဲတော်ကြီး ညှိနှိုင်းသောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

"ဟင် မင်းဟာက ဘာကြီးလဲ"

ဖိတ်စာကိုကြည့်ပြီး ပွဲစားမျိုးမြင့်ထွန်း ထအော်သည်။ ဒါကို ဝကြီးက သူ့ခေါင်းသူအုပ်ကိုင်ပြီး

"အဲဒါပြောတာပေါ့ကွာ၊ ဘာမှန်းကိုမသိဘူး"

မျိုးမြင့်ထွန်းက ဖိတ်စာကို ပြန်ငုံ့ကြည့်ပြီး

"သက်ပျောက်ထိမ်းမြားရက်လည်မွေးနေ့ဆိုတော့ ဘာကိုနားလည်ရမှာလဲ၊ မင်းတို့က မင်္ဂလာဆောင်မှာလား၊ ဆွမ်းသွပ်မှာလား၊



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့လုပ်မှာလား၊ ရက်လည်လား ဘာလဲ”

ဝကြီးစိတ်ညစ်ဟန်နှင့်

“ငါလဲမသိလို့ မင်းကိုလာမေးတာပေါ့ကွ၊ အဲဒါဘာလဲလို့”

မျိုးမြင့်ထွန်း မျက်လုံးပြူးသွားသည်။

“ဟကောင်ရ၊ လုပ်မှာက မင်းနဲ့မင်းမိန်းမမိသားစုလုပ်မှာလေ၊ ငါတို့က အပြင်လူ ဘယ်သိပါ့မလဲ”

ဒါကို နံဘေးနားက ပွဲစားပေါက်စ အောင်သက်ကလဲ

“ဟုတ်သားကိုဝကြီးရာ၊ ကိုဝကြီးတို့ကျင်းပတဲ့ပွဲ ကိုဝကြီး တောင်မသိရင် ဘုရားတောင် ရေးတေးတေးပဲနေမှာ၊ ဒါဘာပွဲလဲ ဟင်၊ သက်ပျောက်ထိမ်းမြားဆိုတာ ကိုဝကြီးတို့ အသက်ပျောက်ပြီးမှ ထိမ်းမြားကြတာလားဟင်”

“မင်းမေကြီးတော်၊ သေပြီးမှ မင်္ဂလာဆောင်လို့ရမှာလား”

“ဟင် ဒါဆို သက်ပျောက်ထိမ်းမြားဆိုတာ ရှင်းပြလေ”

“အဲ အဲဒါဟာကွာ”

ဝကြီး ဘယ်လိုရှင်းပြရမှန်းမသိ။ သက်ပျောက်ထိမ်းမြားဆို သည့် အဓိပ္ပာယ် သူလဲမသိ။ ထို့ကြောင့်

“ငါလဲ ဇဝေဇဝါဖြစ်နေလို့ မင်းတို့ကို လာမေးတာပေါ့ကွ မွေးနေ့မှာ ရက်လည်ရှိလို့လားဟင်”

“သူ့မေစကပ်၊ မွေးနေ့ရက်လည် ဘယ်တုန်းကကြားဖူးလို့လဲ ငါတောင်တင်းလာပြီ”

မျိုးမြင့်ထွန်းကပင် သည်းမခံနိုင်ဘဲ ထအော်သည်။ ဝကြီးမှာ ဘာမှမပြောနိုင်။ ကြက်ကြီးလည်လိမ်ထားသလို ငြိမ်နေ၏။

“အေး သက်ပျောက်ထိမ်းမြားဆိုတော့”

“ဟိုမွေးနေ့ရက်လည်က ပိုဆိုးတာပေါ့၊ မွေးနေ့မှာရက်လည် ရှိလို့လား”





မျိုးမြင့်ထွန်းတို့ အောင်သက်တို့ကလဲ ဖိတ်စာတစ်စောင်နှင့် ယောင်ရိုက်နေ၏။ သူတို့လဲ ဖိတ်စာတွင်ရေးထားသောစာကို သိုက်စာသဖွယ် အဖြေအသည်းအသန် ရှာနေရလေသည်။

သိပ်မကြာပါ။ အဖြေပေးရန် လူတွေ့၍ သူတို့ဝမ်းသာသွားသည်။

“လွန်းငွေငွေ”

ပလာတာ၊ ခါကျာ၊ ပါပလာ၊ ဘာညာသာရကာများကို ပါးစောင်ထဲထိုးသိပ်ရင်း တူမကြီး(ဝကြီးသမီး)မယ်ဗလကို လက်ဆွဲပြီး တော့ပက်ကော့ပက်နှင့် ဈေးထဲမှပြန်လာသည်ကိုတွေ့၍ မျိုးမြင့်ထွန်းနှင့်အောင်သက် ထခုန်မိမတတ် ဝမ်းသာသွားရ၏။

“ဟုတ်တယ်၊ ဒီဖိတ်စာအကြောင်း လွန်းငွေငွေကိုမေးရင် သိမယ်”

ဆိုကာ ဝကြီးမတားဆီးနိုင်မီ မျိုးမြင့်ထွန်းက လွန်းငွေငွေကိုခေါ်လိုက်သည်။

“လွန်းငွေငွေ လွန်းငွေငွေ”

လွန်းငွေငွေ ခြေလှမ်းတန့်သွား၏။ ပါးစပ်ထဲထိုးသွင်းစာများ မကုန်သေး၍ နှုတ်ဟနိုင်ခြင်းမရှိသေး။ နောက်မှ တစ်ပြိုင်တည်း အကုန်မြိုချကာ ပီယဝါစာထွက်၏။

“ဘာသောက်ဖောင်းထုမလို့လဲပြော”

သူ့စကားကို မျိုးမြင့်ထွန်းက စိတ်မနာနိုင်ဘဲ ရယ်ကျဲကျဲနှင့်

“သောက်ဖောင်းထုဖို့ မဟုတ်ပါဘူး၊ မသိတာရှိနေတာလေး မေးဖို့ အဟဲ”

မားသားဘုတ်မျက်မှောင်ကြုတ်၏။ ပြီးတော့ အင်မတန် တိကျသောလေသံဖြင့်

“မေးလေ၊ ခင်သန်းဦးထဘီပျောက်တာလား၊ ဦးအောင်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့ပြီးတာနဲ့
သုံးပြီးရက်လည်တာလေ၊
ဟုတ်ပေါင် ရက်လည်ပြီးမှမွေး အဲ
မွေးပြီးရက်လည် အာရွှပ်ကုန်ပြီ
ဖိတ်စာထဲက အတိုင်းပဲ မသိဘူး
မသိဘူး

---

နောက်မိန်းမလိပ်စာလား၊ ဦးဆန်းကြီးမယားငယ်နာမည်လား၊ ဗုံဗလုံးကြီး ဘတ္တရီပောင်းရောင်းတဲ့ကိစ္စလား၊ ဒါမှမဟုတ် ဘယ်အိမ်က အပ်ပျောက်တာသိချင်လဲ၊ မေးလိုက်စမ်းပါ၊ ရဲရဲမေးလိုက်စမ်းပါ။ မားသားဘုတ်မသိတာမရှိ"

မားသားဘုတ်စကားကို ဝကြီးက အမြင်ကတ်စွာဖြင့်

"အရှေ့အရပ်က ဘယ်မှာလဲပြော"

ဘုတ်ကြီးလက်ညှိုး တောင်ထိုးမြောက်ထိုး ဖြစ်သွားသည်။ နောက်မှ မျက်နှာကြီးမဲပြီး

"သောက်ရေးမပါတာ မမေးနဲ့၊ အရေးကြီးတဲ့ကိစ္စရှိတယ်"

မားသားဘုတ်က အရှေ့အနောက်တောင်မြောက်သာ မသိတာ။ ကျန်တာအကုန်သိ။ ဒါကို မျိုးမြင့်ထွန်းက ဝင်ပြီး

"ဟာ ခဏနေပါဦး၊ ဟိုလေ ဟိုဖိတ်စာအကြောင်းလေး မေးချင်လို့"

"ဖိတ်စာ"

မားသားဘုတ် မျက်မှောင်ကြုတ်၍ ခြေလှမ်းရပ်သွား၏။ နောက်မှ ပြန်လှည့်ပြီး

"ဘာမရှင်းတာရှိလို့လဲ ပြော"





"ဟိုလေ ဖိတ်စာမှာရေးထားတဲ့ သက်ပျောက်ဆိုတာ"

"သက်ပျောက်လေ၊ အမ်းမကြီးသက်ပျောက်"

"ထိမ်းမြားဆိုတာ"

"ဝကြီးနဲ့သူဇာ ထိမ်းမြားတာလေ ဘာဖြစ်လို့လဲ"

"ဟို ရက်လည်ဆိုတာက"

"အမ်းမရက်လည်နေ့လေ ထူးဆန်းလို့လား"

"ဒါနဲ့ မွေးနေ့က"

"အမ်းမမွေးနေ့လေ"

"မင်္ဂလာက"

"မင်္ဂလာပွဲပေါ့"

"ဆွမ်းသွပ်က"

"အမ်းမဆွမ်းသွပ်လေ၊ ဘာလဲ ဆွမ်းမသွပ်ရဘူးလား"

မျိုးမြင့်ထွန်းခေါင်းကုတ်သွားသည်။ နောက် ဝကြီးကိုကြည့်ပြီး

"အေး သူပြောတော့လဲ အရှင်းသား"

ဒါကို မားသားဘုတ်က

"ဒီလောက်ရှင်းရှင်းလင်းလင်းရေးထားတာကို မရှင်းရင်လဲ ဉာဏ်ရည်နည်းလို့ပဲ ဟွန်း မြန်မာစာမြန်မာစကား ပြန်လေ့လာလိုက်ဦး ဟုန်း ဟုန်း"

မားသားဘုတ်က ဝကြီးကို မထိတထိ ကလိသည်။ ဒါကို ဝကြီးကလဲ တင်းပြီး

"ဒါဆို သက်ပျောက်ထိမ်းမြားဆိုတာ ဘာလဲ"

"အသက်ပျောက်ပြီးထိမ်းမြားတာ၊ အဲ ဟုတ်ဘူး၊ ထိမ်းမြားပြီး ဆေးစားများလို့ အသက်ပျောက်၊ အဲဒါလဲမဟုတ်"

သူ့ဘာသာသူပြောပြီး ဂယောင်ရိုက်နေသည်။ ဝကြီးက ဆက်



www.burmeseclassic.com

www.burmeseclassic.com



၍

"မွေးနေ့ရက်လည်ကရော"

"မွေးနေ့ပြီးတာနဲ့ ဆုံးပြီးရက်လည်တာလေ၊ ဟုတ်ပေါင်၊ ရက်လည်ပြီးမှမွေး၊ အဲ မွေးပြီးရက်လည်၊ အာ ရှုပ်ကုန်ပြီ၊ ဖိတ်စာထဲက အတိုင်းပဲ၊ မသိဘူး၊ မသိဘူး၊ ဒါပဲ"

ဆိုကာ အရှက်သည်းဟန်ဖြင့် ပြေးထွက်သွားလေတော့၏။ ဝကြီးက မဖြစ်ညစ်ကျယ်ဟန်နှင့်ရယ်ပြီး

"ဟားဟား ကိုယ့်ဖင်မှာ ပွေးဘယ်နှကွက်ရှိတယ် မကြည့်ဘဲ၊ သူများဖင်လိုက်လှန်နေတဲ့ကောင်မကများ"

သူ့အော်သံကို ဟိုက အရှက်မရှိကြောင်း ဖင်ပါကုတ်ပြသွားသေး။ အတန်ကြာမှ မျိုးမြင့်ထွန်းက ခေါင်းကုတ်ပြီး

"နေပါဦး၊ ဟိုကပြောသွားတာ ရှင်းနေတာပဲ၊ မင်းရှုပ်လိုက်မှ ပြန်ရှုပ်သွားတာ ဘာဖြစ်လို့လဲ"

မျိုးမြင့်ထွန်းအမေးကို ဝကြီးကလဲ

"အို သူ့ဘာသာသူရှုပ်နေတာ မင်းမမြင်ဘူးလား"

မျိုးမြင့်ထွန်း လက်ကာပြပြီး

"ငါသိပြီ ငါသိပြီ"

ဝကြီး မျိုးမြင့်ထွန်းကို ပြန်ကြည့်မိသည်။

"ဒီကိစ္စက မင်းကြောင့်ရှုပ်နေတာ"

"ဟင်"

ဝကြီးလန့်သွား၏။ ဒါကို မျိုးမြင့်ထွန်းက ဆက်၍

"သူတို့ဘာသာသူတို့ ရှင်းနေတဲ့ကိစ္စဟာ မင်းရှုပ်လို့ရှုပ်ကုန်တာ"

"ဟင် ငါရှုပ်တာ"

ဝကြီး ထခုန်မိမတတ် ဖြစ်သွားမိ၏။ မျိုးမြင့်ထွန်းက ဝကြီး





ကို လက်ညှိုးထိုး၍

"ဟုတ်တယ်၊ သူတို့မိသားစုဘာသာသူတို့ ရှင်းနေတာ၊ မင်းဝင်ရှုပ်လို့သာ ရှုပ်ကုန်တာ"

"ဘာ"

ဝကြီး ဒီတစ်ခါ တကယ်ထခုန်သွားသည်။ ဒါကို မျိုးမြင့်ထွန်းကလဲ ထိုင်ရာမှထပြီး

"ဟုတ်တယ်၊ မင်းက ပွဲစားလူရှုပ်၊ လူရှုပ်ပွဲစား၊ ဒီကိစ္စ မင်းဝင်ရှုပ်လို့ရှုပ်တာ၊ ဒါပဲ သွားမယ်"

သူ့စကားကို အောင်သက်ကလဲ လိုက်ထပြီး

"ဟုတ်ပ လူရှုပ်၊ ရှင်းနေတာကို သိပ်ရှုပ်အောင်လုပ်တဲ့လူ၊ လူရှုပ်"

ဆိုကာ ထထွက်သွားကြလေတော့သည်။

"ဟာ ဟော့ ဟော့"

တားမမီတော့။

ထိုတော့မှ ဝကြီးလဲ ကြောင်ပြီး ဖိတ်စာပြန်ကြည့်သည်။ ပြီးနောက် ခေါင်းကုတ်ကာ

"ဒီဖိတ်စာက ရှုပ်နေတာလား၊ ငါရှုပ်တာလား"

ဆိုကာ ဇဝေဇဝါဖြစ်ရင်း ကျန်ခဲ့လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဝကြီး တစ်နေကုန် ပင်ပန်းပြီး နုံးချိနေသည်။ ယနေ့မှ ကား တစ်စီး အရောင်းအဝယ်ဖြစ်အောင် မနည်းကြံဖန်နေရ၍ အချိန်က ကုန်လို့ကုန်နေမှန်းမသိရ။ ကားတွေကလဲ ကုမ္ပဏီများမှ ဈေးဖွင့် ရောင်းနေသည်မို့ သူတို့လိုပွဲစားများအတွက် လုပ်ကွက်က သိပ်မရှိ တော့။ မသိနားမလည်သူတချို့သာ သူတို့လိုပွဲစားကို အားကိုးကြတာ။ နားလည်သူများက ကုမ္ပဏီမှ တိုက်ရိုက်ဝယ်ယူနေကြလေပြီ။ ထို့ကြောင့် ကားပွဲစားလောကလဲ ထိုးကျနေပေပြီ။ ပွဲစားများကလဲ ယခင်ကလို ဆရာကြီးလိုလုပ်နေ၍ မဖြစ်တော့။ မဖြစ်ဖြစ်အောင် လိုက်စပ်နေရ သည့်ဘဝမျိုး။ ဆိုရသော် ကားပွဲစားတွေ ဝင်ငွေမဖြောင့်တော့။ ပွဲ





တစ်ပွဲဖြစ်အောင် ခြေတိုအောင်သွားရပြီး ပွဲခကလဲ ယခင်လို မြိုးမြိုး မြက်မြက်မရတော့။

ယခင်ကတော့ ကားကောင်း၏မကောင်း၏မှာ ပွဲစားပါးစပ် ထဲတွင်သာရှိ၏။ ယခုတော့မဟုတ်တော့။ ကားကောင်းမကောင်း Show Room မှာ သက်သေသွားတည်လိုက်၍ရသည်။ ဆိုရသော် ကားပွဲစားတစ်ခုတည်းနဲ့တော့ ယခင်လို အူမစိုတော့။ ငွေက အရှာရ ခက်ချေပြီ။ ယခင်လို ငွေကုန်မည့်ကိစ္စများ မစဉ်းစားရဲတော့။ အတတ် နိုင်ဆုံး ချိုးခြံချွေတာနိုင်မှ တန်ကာကျမည့်ခေတ်။

ဝကြီးစဉ်းစားပြီး ကိုယ့်အတွေးနဲ့ကိုယ် လျှောက်လှမ်းလာရာ ဘယ်ရောက်လို့ရောက်မှန်းပင် သတိမရ။

"ဟိုကလေကဝကိုဝကြီး တစ်နေကုန်ဘယ်လျှောက်သွား နေလဲ၊ အိမ်မှာ အရေးကြီးအလုပ်ရှိတယ်ဆိုတာ မသိဘူးလား"

ဆိုသော အော်သံကြားမှ ငရဲခန်းဝ ပြန်ရောက်လာသော ငရဲသားလို

"ဩော် ငါအိမ်ပြန်ရောက်ပါလား"

ဆိုပြီးအသိဝင်၏။ မော့ကြည့်လိုက်တော့ သူနှင့်ကွာရှင်းထိမ်း မြားမည့် သူဇာကြီး သူ့ခါးဝဝကြီးကို ထောက်ကာငေါက်တောက်ကြည့် နေ၏။

"အိမ်မှာတန်းစီလုပ်စရာတွေရှိလျက်သားနဲ့ အပြင်ထွက်ပြီး အလေလိုက်နေရတယ်လို့၊ ဂျပန်လိုနိုင်ငံမျိုးမှာဆို ပိုးစိုးပက်စက် အပြောခံရပြီမှတ်"

သူဇာကိုမြင်တော့ ဝကြီးတင်းသွားသည်။

"နင့်ပါးစပ်ထဲက ဂျပန်ဆိုတဲ့ မဖွယ်မရာအလုံးကြီးနှစ်လုံး ထုတ်ထားလိုက်စမ်း၊ နောက်မဟုတ်ရင် အဲဒီနှစ်လုံး ငါရိုက်ထုတ်မိ မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝကြီး၏စကားကြောင့် သူဇာ ခန္ဓာကိုယ်ကို ပြင်လိုက်သည်။ ဝကြီးအကြောင်းလဲ သူသိသည်။ ဝကြီးက လူရှေ့သူရှေ့သာရှက်ပြီး ငြိမ်နေတတ်တာ။ လူမရှိပါက တစ်မျိုးဆိုးဖြတ်တတ်သည်မဟုတ်လား။ ထို့ကြောင့် မဖွယ်မရာ ပိုဇေရှင်ကို ပြင်လိုက်ပြီး

"ရှင်ကလဲ ကျွန်မအကောင်းပြောတာ၊ ဒီမှာ အသုဘမင်္ဂလာအတွက် အလုပ်ရှုပ်နေတာ၊ ရှင်က ဘာမှမကူညီဘဲ"

"ငါက ဘာကူညီရမှာလဲ၊ ဒါငါ့အလုပ်မှမဟုတ်တာ"

သူဇာက ခန္ဓာကိုယ် လျှော့ချလိုက်ပြီး

"ဒီလိုပြောလို့ ဘယ်ဖြစ်မလဲရှင်၊ မင်္ဂလာပွဲဆိုတာ ကျွန်မတို့မင်္ဂလာပွဲ၊ ရှင့်ယောက္ခမ၊ ကျွန်မအမေ အမ်းမဆိုတာကလဲ သူ အသက်ရှင်စဉ် ရှင့်ကိုစတွေ့ကတည်းက မိသားစုလို အိမ်သားလိုပဲ ဆက်ဆံခဲ့တယ်မဟုတ်လား"

ဝကြီး မျက်မှောင်ကြုတ်သွား၏။

"ဘယ်မှာ မိသားစုလို ဆက်ဆံခဲ့လို့လဲ"

သူဇာက ခန္ဓာကိုယ်ကို ပြင်လိုက်ပြီး အင်မတန်ရင်းနှီးဟန်ဖြင့်

"ရှင်ကလဲ မေ့တတ်ရန်ကော၊ ရှင် ကျွန်မတို့အိမ်ကို ပထမဆုံးရောက်ခဲ့တဲ့နေ့တုန်းက အိမ်ပေါ် ဖိနပ်စီးတက်မိလို့ ကျွန်မအမေက ရှင့်ကို ကျောသားရင်သားမခွဲခြားဘဲ အိမ်သားတွေနဲ့တန်းတူ ကလော်ဆဲခဲ့တာလေ၊ ရှင်မေ့နေပြီလား"

ဝကြီးတင်းသွားသည်။

"အေး ကျောသားရင်သား မခွဲခြားဘဲ တန်းတူအဆဲခံရတာ ငါဂုဏ်ယူရမလား၊ ငါက နင်တို့တွေလို အရှက်မရှိတွေ မဟုတ်ဘူး၊ အရှက်ရှိတယ်၊ အဲဒါကြောင့် နင်တို့ရှိရင် အိမ်မှာမနေချင်တာ"

သူဇာ သက်ပြင်းချလိုက်သည်။ နောက် ဘာမှမဟုတ်သလိုဟန်မျိုးဖြင့်





"ဒါတွေထားလိုက်ပါတော့လေ၊ မွေးမေကျေးဇူးတွေလဲ ဂုဏ်ဖော်မနေတော့ပါဘူး၊ ကဲ အိမ်ပေါ်တက်ပါဦး၊ ရှင့်ကို ပြစရာရှိလို့"

ဆိုကာလှည့်ထွက်သွားသည်။ ဝကြီးလဲ အနောက်မှနေ၍ ဘာဖြစ်မလဲစိတ်ကူးနှင့် လိုက်တက်သွားရ၏။

အိမ်ပေါ်ရောက်တော့

"ဒီမှာကြည့်စမ်း"

ကြည့်လိုက်တော့ အဝတ်ပုံကြီးတစ်ပုံ။

"ဟင်"

အဝတ်ပုံကြီးမြင်တော့ ဝကြီး မျက်လုံးပြူးသွားရ၏။ နောက်ကယောင်ကတမ်းဖြင့်

"ဟင် ဟင် ဒါတွေက"

ဝကြီးအမေးကို သူဇာက ပြုံးပြီး

"ဒါတွေက ရှင်နဲ့ကျွန်မ သက်ပျောက်မင်္ဂလာမှာ ကျွန်မတို့ဝတ်ဖို့ဝယ်ထားတာလေ"

ဝကြီး ကတုန်ကယင် ဖြစ်သွားပြီး

"ဟင် ဒါ ဒါတွေအားလုံး"

သူဇာက အဝတ်ပုံကြီးကို ပွေ့မ,ပြီး

"အင်းပေါ့"

ဝကြီး ကတုန်ကယင်နှင့် သူဇာကို လက်ညှိုးထိုးပြီး

"နင့် နင့်တစ်ယောက်တည်း"

သူဇာက ပြန်လှည့်ကြည့်ပြီး

"တစ်ယောက်တည်းတော့ ဘယ်ဟုတ်ပါ့မလဲ"

"ဒါ ဒါဆို"

"သူဇာရယ်၊ မမဌေးရယ်၊ ဗလရှင်ရယ်၊ မယ်ဗလရယ်၊ အမျိုးတွေအားလုံးရယ်၊ အိမ်ဖော်ရယ် စသည်ဖြင့် ဝိုင်းရွေးကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ပေါ့"

သူဇာ အပုပ်ကောင်မြင်၍ လင်းတကြီးမြူးသလို သူ့တောင်ပံနှစ်ဖက် တဖောင်းဖောင်းခတ်ရင်း မြူးနေသည်။ ဝကြီးကသာ ချွေးပျံပြီး

"ဒါ ဒါဆို ဒီအတွက် ပိုက်ဆံတွေက"

သူဇာ သက်ပြင်းချပြီး

"ရှင့်မင်္ဂလာဆောင်ပဲ၊ ရှင်ပေးရမှာပေါ့"

"ဂစ် ဂစ် ဂစ်"

ဝကြီး တက်မလိုဖြစ်သွား၏။ သူဇာက ဆက်၍

"ဒါတောင် လက်ဝတ်လက်စား မပါသေးဘူး"

"ဂစ်"

ဝကြီးက တကယ်ဂစ်ပြီး ဗိုင်းခနဲလဲကျသွား၏။

အဝတ်ပုံကြီးက ဟီးထနေတုန်း။

× × ×





"ဟဲ့ သူဇာ နင်တို့ ထိမ်းမြားရက်လည်မှာ ဘာကျွေးဖို့ စဉ်းစားထားလဲ"

"ရေခဲမုန့်နဲ့ မုန့်ဟင်းခါး ကြီးကြီး"

သူတို့စကားကြားသည်နှင့် ဝကြီးမှာ ကြက်သီးထနေမိသည်။ ဘယ်မင်္ဂလာပွဲမှာ ဒီလိုမျိုး ရေခဲမုန့်နှင့် မုန့်ဟင်းခါး တွဲကျွေးတာကြုံဖူးလို့နည်း။ ရေခဲမုန့်နှင့် မုန့်မျိုးစုံ သို့မဟုတ် ထမင်းဆို တော်သေးသည်။ သို့မဟုတ် မုန့်ဟင်းခါးနှင့် အချိုရည် ဒါမှမဟုတ် ကော်ဖီဆိုလဲတော်သေး။ အခုက ရေခဲမုန့်နှင့်မုန့်ဟင်းခါး။ မိချောင်းနှင့်ရွှေသွားလို ဘယ်လိုမှမအပ်စပ်။ မိချောင်းကို လှစေချင်လို့ ရွှေသွားတပ်ထားပေးသလိုမျိုး။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ဟာကလဲ ကြည့်လုပ်ပါဦး၊ ရာသီကလဲ ယင်ကောင်များတဲ့ရာသီ၊ ကျွေးမှာကလဲ မုန့်ဟင်းခါးနဲ့ရေခဲမုန့်၊ အားလုံး အလွှမ်းမမ ပန်းမမတွေ ဖြစ်ကုန်မှဖြင့် အမှုပါလိုက်ရှင်းနေရဦးမယ်"

သူ့စကားကို လွန်းဌေးဌေးက

"ငါ၀မ်းနှုတ်ချင်လို့ ကျွေးတာဘာဖြစ်လဲ၊ ဒါစားပြီး လူပေါ့သွားတာ ဘယ်လောက်မင်္ဂလာရှိလဲ"

၀ကြီးတင်းသွားသည်။

"ဘာ နင်ပေါ့ချင်တိုင်း ဒါမျိုးလုပ်စရာလား၊ အဲဒီထက် ပေါ့ချင်ရင် မီးသတ်ပိုက်ငှားပြီး ၀မ်းချုလိုက်ပါလား၊ အဲဒါ ပိုတောင်ပေါ့သေး"

သူ့စကားကို လွန်းဌေးဌေးကလဲမခံ။

"ပညာမဲ့နည်းတွေ လာမပြောနဲ့၊ ပညာရှိနည်းနဲ့ မြိန်မြိန်ကြီးစားပြီး ၀မ်းချုတာ ဘယ်လောက်ကောင်းလဲ၊ မီးသတ်ကားငှားရင်တောင် ပိုက်ဆံပေးရဦးမှာ"

"နင့်ဖင်ကြီး မီးရှို့လိုက်လေ၊ သူတို့ အလကားလာချုပေးမှာ"

"အဲဒါဆိုအေးနေမှာ၊ အဲလေ ဟဲ့ အပေအတေ၊ နင် ဘာစကားပြောတာလဲ၊ ငါ့ဖင်များ မီးသတ်ပြစရာလား"

"ဟုတ်သား၊ သဘာ၀ဓာတ်မြေဩဇာဆိုပြီး ပြရမှာ၊ ၀ဲကောင်းလိုက်ပုံများ မုန်လာတောင်အခင်းလိုက် စိုက်လို့ရတယ်၊ တစ်ခင်းလုံး ၀ဲချည်းပဲ"

"ဒါက စုထားဆောင်းထား၊ အဲလေ ဟဲ့ နင်တိတ်လိုက်တော့၊ ဒီမှာ အလုပ်ရှုပ်နေရတဲ့ကြားထဲ၊ ယားလို့တောင် မကုတ်နိုင်ဘူး"

"ဘူဒိုဆာ ခေါ်ကုပ်ပါလား"

"အေး နှစ်စီး၊ အဲ ဟဲ့ ကလေကဝ တော်တော့၊ ဟဲ့ ဟိုအကောင်တွေ ဘာကြည့်နေတာလဲ၊ ဆိုင်းဘုတ်တင်လိုက်တော့လေ၊





ဘာလုပ်နေကြတာလဲ"

"ဟုတ် ဟုတ်"

မားသားဘုတ်၏စကားကြောင့် အလုပ်လုပ်ရန် ငှားထားသောသူများ ဆိုင်းဘုတ်ကို ဆွဲတင်လိုက်ကြသည်။

"သက်ပျောက်ထိမ်းမြား ရက်လည်မွေးနေ့ မင်္ဂလာအမွမ်းသွပ် ပွဲကြီး"

"ဆယ့်နှစ်နှစ်မြောက် ကျွာရှင်းမင်္ဂလာ အထိမ်းအမှတ် အကြို ပွဲတော်"

"ညှိုးနွမ်းသောစိတ်ထားဖြင့် ၀မ်းသာအားရ ဖိတ်ကြားအပ်ပါသည်"

"ဟင်"

ဆိုင်းဘုတ်ကိုကြည့်ပြီး ၀ကြီး ကြက်သေသေသွား၏။ အားလုံးလဲ သူလိုပင် စကားပင်မပြောနိုင်။

"ဟင် ဘယ် ဘယ်လို ဘယ်လိုကြီးလဲ"

ဆိုင်းဘုတ်ကိုကြည့်၍ အားလုံးအဖြေမရှင်းကြ။ ၀ကြီးပင်ကြောင်ပြီးဆိုင်းဘုတ်ကို လက်ညှိုးထိုးကာ

"ဟင် ဟင် ဒါ ဒါက"

မားသားဘုတ်က ခပ်တည်တည်ပင်

"ဒါ နင်တို့မင်္ဂလာပွဲဆိုင်းဘုတ်လေ"

၀ကြီး မျက်လုံးပြူးပြီး

"ဟင် အောက်ကထပ်ပါလာတဲ့ ဆယ့်နှစ်နှစ်မြောက်ကွာရှင်းမင်္ဂလာ အထိမ်းအမှတ်အကြိုဆိုတာက"

မားသားဘုတ် ခါးကိုကော့နေအောင် လှန်လိုက်ပြီး

"ဒါက ဒီမင်္ဂလာပွဲပြီးရင် နင်တို့ကွာရှင်းတော့မှာလေ"

"အဲဒါဘာဖြစ်လဲ"

"အေးလေ ဘာဖြစ်လို့လဲ"

"ဒါဆို ဒီမင်္ဂလာပွဲက နင်တို့ကွာရှင်းဖို့ပွဲအကြိုပေါ့၊ ငါရေးတာ မမှန်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အုမ်"

ဝကြီး အသံပင်မထွက်နိုင်တော့။ သူပြောတော့လဲ ဟုတ်နေသလို။

"ဟင်းဟင်း ပညာရှိမှန်ရင် လိုတဲ့နေရာ ထွက်လာတာပဲ မဟုတ်လား ဟွားဟွားဟွား"

မားသားဘုတ်၏ရယ်သံ။ ဝကြီးမှာ ဘာမှမပြောနိုင်တော့။ ဆိုင်းဘုတ်ကြည့်လိုက် အဓိပ္ပာယ်ဖော်လိုက်နှင့် တစ်ယောက်တည်း တွေဝေနေတော့သည်။

× × ×





"ကိုဝကြီး ကိုဝကြီး"

လက်ဖက်ရည်ဆိုင်ထောင့်မှာ တစ်ယောက်တည်း ငြိမ်ကုတ်ထိုင်နေသော ဝကြီးခေါ်သံကြား၍ မော့ကြည့်မိသည်။ ရပ်ကွက်ထဲမှ သူနှင့် သိပ်မရင်းနှီးသော လူတစ်ယောက်။

"ဟိုလေ ကိုဝကြီးတို့အိမ်ရှေ့မဏ္ဍပ်မှာ ရေးထားတာ ဘာလဲ ဟင်"

ဝကြီးစိတ်ညစ်သွား၏။ အမှန်တော့ ထိုမေးခွန်းအမေးခံရ ခြင်းကြောင့် လက်ဖက်ရည်ဆိုင်ထောင့်က ပုန်းနေခြင်းပင်။ ဝကြီး စိတ်ညစ်စွာဖြင့်

"မသိဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုယ့်အိမ်ရှေ့ရေးထားတာ ကိုယ်မသိဘူးလားဗျ ခင်ဗျားကလဲ"

ဝကြီးလဲ ပိုတင်းလာပြီး

"အေး မသိဘူးကွာ၊ ဘာဖြစ်လဲ၊ သိတဲ့သူသွားမေး၊ ဒါပဲ"

လာမေးသူခေါင်းကုတ်ပြီး ထွက်သွား၏။ ဝကြီး သက်ပြင်းချမိသည်။ သိပ်မကြာပါ။

"ကိုဝကြီး ကိုဝကြီး"

လာပြန်ပြီ နောက်တစ်ယောက်။

"ခင်ဗျားတို့အိမ်ရှေ့မှာ ရေးထားတာ ဘာလဲ၊ (၃၆)ကောင် အတိတ်စိမ်းလား"

ဝကြီး ဘယ်လိုဖြေရမှန်းမသိ။ ထို့ကြောင့်

"အေး အတိတ်စိမ်းလို့ ထင်ရင်လဲ သွားထိုးကြကွာ"

တစ်ယောက်ထွက်သွားသည်။ တစ်ယောက်ဝင်လာပြန်သည်။

"ရှာလိုက်ရတာ ကိုဝကြီးရယ်၊ ခင်ဗျားအိမ်ရှေ့မှာ ရေးထားတာ မြန်မာစာရေးထုံးအသစ်လား"

"ထင်ချင်သလိုထင်ကွာ၊ ကြိုက်သလိုထင်"

"ကျွန်တော်မရှင်းလို့ဗျ၊ အဓိပ္ပာယ်က ဘာလဲ"

"တဒူးမေဂျစ်တဲ့"

"တဒူးမေဂျစ်၊ အဲဒါဘာလဲ"

"သတ်ပုံကျမ်းမှာ သွားရှာကွာ"

ထိုသူထွက်သွား၏။ ဝကြီးကိုယ်တိုင်ပင် ဘာပြောလို့ပြောမိမှန်း မသိတော့။ ဟိုဆိုင်းဘုတ်အဓိပ္ပာယ်လဲ သူမရှင်းပြတတ်။ သူပြောသော အဓိပ္ပာယ်လဲ သူမသိ။ သိပ်မကြာပါ။

"ကိုဝကြီး ကိုဝကြီး ရှာလိုက်ရတာဗျာ"

လာပြန်ပြီ နောက်တစ်ယောက်။





"ကိုဝကြီးတို့အိမ်ရှေ့မှာ ရေးထားတဲ့စာကြောင့် ရပ်ကွက်မှာ ပြဿနာဖြစ်ကုန်ပြီဗျာ"

ဝကြီး မျက်မှောင်ကြုတ်သွားသည်။

"ဘာလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ တချို့က အဲဒါကို သိုက်စာ၊ တချို့ကလဲ အမျိုးသားရေးနိုးကြားဖို့ရေးထားတဲ့စာ၊ တချို့ကလဲ သံဝေဂပျို့၊ တချို့ကလဲ အန္တရာယ်ကင်းဂါထာစသည်ဖြင့် အမျိုးမျိုးပြောကုန်ကြပြီဗျာ၊ ဆိုပါဦး အဲဒီအဓိပ္ပာယ်လေး"

ဝကြီး ဘာပြောရမှန်းမသိ။ သူလဲ မရှင်းပြတတ်။ ထို့ကြောင့် ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်ပြီး

"အေး အဲဒီစာကို ငါလဲရေးတာမဟုတ်ဘူး၊ ဒါကြောင့် အဓိပ္ပာယ် ငါလဲ မသိဘူး၊ ရေးတဲ့သူသွားမေး"

ထိုသူ မျက်မှောင်ကြုတ်သွား၏။

"ဒါဆို အဲဒါ ဘယ်သူရေးတာလဲ"

"လွန်းငွေငွေတို့ရေးတာကွာ"

"လွန်းငွေငွေကိုမေးတော့ ဝကြီးတို့ကိစ္စတဲ့"

"ဟုတ်တယ် ငါ့ကိစ္စ၊ အေး ဒါပေမယ့် ငါမသိတဲ့ငါ့ကိစ္စ၊ ဒါပဲ သွားကွာ၊ စိတ်ရှုပ်တယ်"

ဝကြီး ပြန်မောင်းထုတ်နေရသည်။ သူခမျာ စိတ်ရှုပ်လို့ လက်ဖက်ရည်ဆိုင် လာထိုင်နေတာ။ ဖုန်းပြင်နေတာနဲ့ တည့်တည့်တိုးနေသလိုမျိုး။ တစ်ဖက်လူမှာ ခေါင်းကုတ်ပြီး

"ဟာ ဘာတွေလဲ မသိဘူးဗျာ၊ ကိုယ့်ကိစ္စအတွက်ရေးထားတဲ့စာ ကိုယ်မသိဘူးဆိုတော့ ဘယ်လိုပြောရမှာလဲ၊ တကယ့်သပွတ်အူ မိသားစုဗျာ"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ဝကြီး ပို၍တင်းလာသည်။ ထို့ကြောင့် ဒီကိစ္စ အမြန်ဆုံးဖြတ်ကာမှ တော်ရုံကျမည်ဟု ဆုံးဖြတ်ပြီး အိမ်သို့ပြန်လိုက်သည်။

"ကိုဝကြီး ကိုဝကြီး"

လမ်းလျှောက်လာရင်း တစ်ယောက်ခေါ်သံကြားတော့ ဝကြီးမှာ ဆိုင်းဘုတ်ကိစ္စ ဖြေရှင်းရမည်စိုး၍ လမ်းဘေးတွင်စိုက်ထားသော ကြက်ဆူပင်နံဘေး ခြင်ဖမ်းချင်ယောင်ဆောင်နေလိုက်ရသည်။ သူ့ကိုယ်သူပင် ဝတ္ထုရေးလျှင် ပေးရမည့်ခေါင်းစဉ်ကောင်းပင် စဉ်းစားမိနေသေး၏။

"ကြက်ဆူပင်ရဲ့နံဘေးမှာ ခြင်ဖမ်းချင်ယောင်ဆောင်နေတဲ့ကောင်ကလေး"

သူ့ကိုခေါ်မရ၍ တစ်ဖက်လူမှာ ဝကြီးကိုကြည့်ပြီး ခေါင်းကုတ်ကာ

"ဘယ်လိုလူလဲ မသိဘူး၊ အိမ်မှာရေးထားတာကလဲ အူကြောင်မကြောင်၊ လူကလဲ အူကြောင်ကြောင်နဲ့"

ဝကြီး မကြားချင်ယောင်ဆောင်နေလိုက်သည်။ လှည့်ပြောနေပါက ဆိုင်းဘုတ်ကိစ္စ ဖြေရှင်းနေရဦးမည် မဟုတ်ပါလား။ ထို့ကြောင့် ထိုသူထွက်သွားချိန်အထိ ကြက်ဆူပင်ရုံနံဘေးမှာ ခြင်ဖမ်းချင်ယောင်ဆောင်နေလိုက်သည်။ နောက် လူရှင်းမှ အိမ်ဖက်သို့ ခြေဦးလှည့်၍။

× × ×





"အမေ တမြေဆီခြားလို့ ဝေးကွာခဲ့ပြီ၊ သမီးချစ်တဲ့ မွေးမေမေ၊ သမီးတို့ချစ်တဲ့ မွေးမေမေ"

အိမ်နားရောက်သည်နှင့် နားမဆန့်အောင် ကြားရသော ကာရာအိုကေသီချင်း သီဆိုသံ။ သူတို့အမေ အသက်ရှင်စဉ်ကာလက တစ်ချိန်လုံး သားအမိသုံးယောက် တချိန်းချိန်းနှင့် ရန်ဖြစ်နေကြတာ။ ယခုမရှိတော့မှ သမီးချစ်တဲ့မွေးမေမေ လုပ်နေသေး။ ဝကြီး ပိုတင်းတာ ရှိသမျှဆိုင်းဘုတ် ရိုက်ဖြုတ်လိုက်သည်။

"ကဲကွာ"

ဆိုင်းဘုတ်က အခိုင်အမာလုပ်ထားတာမို့ တော်ရုံမလဲ။



www.burmeseclassic.com

www.burmeseclassic.com



“ကဲကွာ ကဲကွာ လဲစမ်း လဲစမ်း”

ဝကြီး ဆိုင်းဘုတ်ကို အတင်းတွန်းလှဲသည်။

“ကဲကွာ ကဲကွာ လဲစမ်း လဲစမ်း”

“ဟဲ့ ဘာဖြစ်တာတုန်း”

အိမ်ရှေ့မှာ ရုန်းရင်းဆန်ခတ်အသံများကြားတော့ လွန်းဒွေးဒွေးနှင့်သူဇာ မိုက်ကြီးကိုင်ပြီး ထွက်လာကြ၏။ ဝကြီး ဆိုင်းဘုတ်ကို တွန်းဖြိုနေသည်ကိုတွေ့တော့ လက်ထဲမှမိုက်ခွက်ကိုကိုင်ပြီး

“ဟဲ့ ကိုဝကြီး ဘာလုပ်နေတာလဲ”

“ဝကြီး ဘာလုပ်တာလဲ”

မိုက်ခွက်က ကျယ်လောင်စွာထွက်လာသောအသံကြောင့် ဝကြီးလဲ ပိုတင်းပြီး ဆိုင်းဘုတ်ကို ခပ်ကြမ်းကြမ်း ဆွဲခါလှုပ်ပြီး

“မမြင်ဘူးလား၊ ဒီမှာ သောက်ရေးမပါတဲ့ ဆိုင်းဘုတ်ကို ဆွဲဖြုတ်နေတာ”

သူ့စကားကို ဟိုကလဲ မိုက်ခွက်ကြီးဖြင့်

“ဟဲ့ ဖြုတ်လို့ဖြစ်မလား၊ ပွဲကပဲ မနက်ဖြန် သန်ဘက်ဖြစ်တော့မှာ”

“ဟုတ်တယ်၊ ဖြုတ်ရဲဖြုတ်ကြည့်စမ်း၊ မားသားဘုတ်တဲ့၊ ဗိုင်းရပ်(စ်)ကို ဝင်ကိုက်ပစ်လိုက်မယ်”

သူတို့စကားက မိုက်ခွက်ကတစ်ဆင့် ကျယ်ကျယ်ကြီးကြားနေရတော့ ဝကြီးခုန်ထွက်သွားပြီး

“နင်တို့ပါးစပ်တွေပိတ်ထားစမ်း၊ မပိတ်ထားရင် ငါလာပိတ်ပေးမယ်”

ဆိုပြီးပြေးသွားတော့ ဟိုဂယောင်ညီအစ်မလဲ လန့်ပြီး မိုက်ကြီး အိမ်ရှေ့ ဂလုံခနဲ ပစ်ချကာ အိမ်ထဲပြေးဝင်ကာ တံခါးကို ဂျိမ်းခနဲဆွဲပိတ်လိုက်ကြသည်။





ဖင်လှန်ပြပါတယ်ခင်ဗျာ

ဝဲတွေနည်းပါးပါခင်ဗျာ၊ အဲမား

သားဘုတ်ရဲ့ဖင်မှာ စကြိုပုံသဏ္ဌာန်

ပျေးနှစ်ကွက်လဲ ပါပါတယ်ခင်ဗျား

မမြင်ဘူးရင် လာကြည့်ကြပါ

“ဟိတ်ကောင်မတွေ တံခါးဖွင့်စမ်း၊ တံခါးဖွင့်စမ်း”

သူဇာတို့ လွန်းဒွေးဒွေးတို့ တံခါးမဖွင့်တော့။

“ဟဲ့ ဖွင့်စမ်း၊ ငါ့အိမ်ကိုများ”

ဝကြီး တံခါးကို တဒုံးဒုံးထုသည်။ ရှုးရှုးရှားရှားနှင့် ဝကြီး တံခါးဖွင့်မရတာမြင်တော့ သူဇာတို့ လွန်းဒွေးဒွေးတို့ ဝမ်းသာပြီး တ,ပင် က,ပြနေသေး၏။ အထဲက ‘က’ပြတာမြင်တော့ ဝကြီးပိုတင်းသွား၏။

“အောင်မာ၊ နင်တို့က ကပြနေသေးတယ် ဟုတ်လား၊ တံခါးဖွင့်စမ်း”

ဟိုက အရေးပင်မလုပ်တော့။ ဝဝကြီးနှစ်ယောက် ကွေးနေအောင် ကပြ၏။

“ဟော့ ဟောလိုပဲ ခါပြီး ကပြချင်သေး”

“ဒီလို ဒန့်တောင်ပြချင်သေး၊ အဟေးဟေး”

ဆိုကာ နှစ်ယောက်ပြိုင်တူ ကပြနေသေး၏။ ဒါကို ဝကြီးလဲ တင်းပြီး

“ဟဲ့ ဖွင့်စမ်းဆို”

တံခါးမကြီး ဖွင့်မရ၍ ပြတင်းပေါက်ဖက် လှည့်ကြည့်သည်။ ပြတင်းပေါက်တွေကလဲ သံဇကာနဲ့မို့ ဖွင့်မရ။ သူဖွင့်မရလေ ဟိုက



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာပြီး ပိုကပြလေ ဖြစ်နေ၏။

“ဟော့ ဟောဒါက မြန်မာအကဟော့”

“အပျိုတော် အပျိုတော်”

ဝကြီးဒေါသ ငယ်ထိပ်ရောက်နေ၏။

“တောက် ဒီကောင်မတွေတော့ကွာ မိလို့ကတော့”

ဝကြီး လိုက်ရှာရင်း အိမ်ရှေ့ပြန်အရောက် တစ်ခုခုကို တိုက်မိသည်။

“ဂလုံ”

ကြည့်လိုက်တော့ ခုနက သူဇာနှင့်လွန်းဌေးဌေးတို့ မွေးမေကျေးဖူးဆပ်နေသော မိုက်ခွက်ကြီး။ ပထမတော့ ဘာလုပ်ရမှန်းမသိ။ နောက်မှ သတိရပြီး မိုက်ခွက်ကို ကောက်ကိုင်လိုက်သည်။

“ဟဲ့ ဟိုကောင်မတွေ”

အသံကျယ်ကျယ်ကြီးထွက်လာတော့ မွေးမေကျေးဖူးနှင့် ကွေးအောင်ကနေသော နှစ်ယောက် ကြောင်ပြီးငြိမ်ကျသွား၏။ ဝကြီး ဝမ်းသာအားရ မိုက်ခွက်ကြီးကိုင်ပြီး

“ကမြင်းမတွေ အိမ်ထဲမှာ တံခါးပိတ်ပြီး ကမြင်းနေပါတယ်ခင်ဗျား”

ဝကြီးအော်သံကြားတော့ သူဇာတို့တင်းသွားသည်။ ထို့ကြောင့် လက်ခုံနှင့်လက်ဖဝါး တဖျတ်ဖျတ်ရိုက်ပြသည်။ ဒါကို ဝကြီးကလဲ သူတို့လုပ်သည့်အတိုင်း

“လက်ခုံနဲ့လက်ဖဝါး တဖျတ်ဖျတ် ခုတ်ပြပါတယ်ခင်ဗျား၊ ခုတ်ပြနေပါတယ်”

သူ့မိုက်ကတစ်ဆင့် ဆောင်းဘောက်(စ်)ကြီးဖြင့် အသံကျယ်ကျယ်ကြီး ပေါ်ထွက်လာ၍ ဖြတ်သွားဖြတ်လာလူတွေ ရပ်တန့်ကုန်၏။ နံဘေးအိမ်များမှလဲ ခေါင်းပြူလာကြ၏။





“ဟော ဟော လှန်ပြနေပါပြီခင်ဗျာ၊ လှန်ပြနေပါပြီ၊ မြန်မာပြည်မှာတော့ မြင်ရခဲတဲ့ မြင်ကွင်းပါခင်ဗျာ”

ထိုစကားကြားတော့ လူအားလုံး ဝကြီးတို့အိမ်ဆီ စုလာကြ၏။

“ဟော ပြောရင်းဆိုရင်း ပုတ်ပြနေပါပြီခင်ဗျာ၊ ပုတ်ပြနေပါပြီ၊ မမြင်ဘူးလိုက် မရှိရလေအောင် လာကြည့်ကြပါ၊ ပိုက်ဆံတစ်ပြားမှ မပေးရတဲ့ ဖရီးရှိုးပါခင်ဗျား၊ ဖရီးရှိုးပါ၊ အင်တာနက်တက်စရာမလို၊ ခွေဝယ်ကြည့်စရာ မလိုပါဘူးခင်ဗျ”

လူတွေ ဝကြီးအိမ်ကို ဝိုင်းလာကြသည်။ ဝကြီးကလဲ ဝမ်းသာအားရပင် မိုက်ခွက်ကြီးဖြင့်

“ဟော ဟော ဒီတစ်ခါတော့ လှန်လဲလှန် ပုတ်လဲပုတ်ပါခင်ဗျား၊ အောင်မလေး အမြင်အာရုံပါပြိုးပြက်ပြီး ထမင်းစားပင်ပျက်လောက်ပါတယ်ခင်ဗျား၊ အပုပ်ကောင်နှစ်ကောင်ပုပ်ပြီး ပြောင်နေတာပါခင်ဗျား”

“ဟော့ ဟော့ ဟုတ်မဟုတ် အမြန်တက်ကြည့်ပါဟော့”

“ဟာ အဟုတ်ကြီးဟ”

လူတွေက သိချင်စိတ်နှင့် ဝကြီးအိမ်ပေါ် တွယ်တက်လာကြသည်။ အထဲမှာလဲ ဝကြီးပြောသည့်အတိုင်း တွေ့ရ၍ ဝမ်းသာအားရ သူ့ထက်ငါ လုတက်နေကြလေသည်။

“ဖင်လှန်ပြပါတယ်ခင်ဗျာ၊ ဝဲတွေချည်းပါပဲခင်ဗျာ၊ အဲ မားသားဘုတ်ရဲ့ဖင်မှာ စကြဲပုံသဏ္ဌာန် ပွေးနှစ်ကွက်လဲ ပါပါတယ်ခင်ဗျား၊ မမြင်ဘူးရင် လာကြည့်လှည့်ကြပါ”

“ထွီ ရွံစရာ”

တချို့က ရွံပြီး ပြန်ခုန်ချကုန်၏။ တချို့ကလဲ

“ဟဲ့ တကယ့်ပွေးတွေနဲ့ ဟဲ့ ဟိုကောင်မကျတော့ ဒူးဆစ်က



www.burmeseclassic.com

www.burmeseclassic.com



စလို့ ဝဲချည်းပဲ၊ နောက်ပြီး အဲဒါ အရေးအခင်းဝဲဟဲ့၊ ဝဲကြီးနာပေါ့"

ဝကြီးကတော့ ပျော်ပြီး

"ကလော်ဆဲပါတယ်ခင်ဗျာ၊ တကယ် ကလော်ပြီးကို ဆဲတာပါပဲ"

ကြာတော့ သူဇာတို့အဖွဲ့ မခံနိုင်တော့၊ မိုက်ကြိုးကို သွားဆွဲဖြုတ်လိုက်ပြီး မီးကိုမှိတ်ပစ်လိုက်ကြသည်။ ဝကြီးမှာ ကြိုးဖြုတ်လိုက်၍ အော်မရတော့ မီးမှောင်သွားတော့ လူတွေလဲ အသီးသီး ပြန်ခုန်ချသွားသည်။

"တောက် နာတယ်ကွာ၊ ကောင်းခန်းရောက်မှ"

"အေးလေ၊ နောက်နည်းနည်းကြည့်ရရင် တောထွက်ဖြစ်ဖို့ လုံလောက်ပြီ"

ဝကြီးတင်းသွားသည်။ သူ့ခမျာ ဒီတစ်ခါလေး အသာရတာ၊ သိပ်တောင်မကြာဘဲ ပွဲပြီးသွားတော့ ဝကြီး မချင့်မရဲ ဖြစ်နေမိသည်။ နောက် အိမ်ပေါ်မှ ဖုတ်ခနဲ ခုန်ချသွားသည်။ ထိုတော့မှ အိမ်ထဲမှ သူဇာတို့လဲ သက်ပြင်းချနိုင်သည်။

သိပ်မကြာပါ။ ဝကြီး ကားကြီးတစ်စင်းနှင့် ပြန်ရောက်လာသည်။ ကားပေါ်မှာ စက်ပစ္စည်းအပြည့်အစုံနှင့် စတောင်းဂင်းများပင်ပါလာသည်။ ထိုကားကြီးနှင့် အိမ်ကိုဝိုင်းကာ

"ဟော့ မီးစုံဟော့၊ မှတ်တမ်းဓာတ်ပုံ အသင့်ပြင်၊ ဟဲလို တက်စတင် အသံကြားလား၊ အက်ဂိုးနည်းနည်းဖြည့်"

စသည်ဖြင့် တစ်အိမ်လုံးကို မီးပတ်ထိုးပြီး မှုံချိုးမှုစ်ချိုး စတင်လေတော့သည်။

"လာပါပြီခင်ဗျား၊ လူမှုရေးသမားကြီး မားသားဘုတ်ခင်ဗျား၊ အင်မတန်စိတ်ကောင်းစွာ ဖင်လှန်ပြပါတယ်ခင်ဗျား၊ တစ်ခါ နှစ်ခါ သုံးခါပါခင်ဗျား၊ ဟော ထပ်လာပါပြီ၊ ဂျပန်နိုင်ငံမှာ နိုင်ငံကြီးသား





ပီသစွာ သွားနေတဲ့သူဇာပါခင်ဗျား၊ သူကလဲ အင်တာနေရှင်နယ်ပီသရွာ ထဘီမ,ပါတယ်၊ တစ်ချက်ပုတ်တယ်၊ နှစ်ချက်ပုတ်တယ်၊ သုံးချက်ပုတ်ပါတယ်ခင်ဗျား၊ ပြီးမှ ဟော လှန်ပြတယ်ခင်ဗျား၊ လှန်ပြပါတယ်၊ ဝဲမှာ အဓိပတိ၊ ပွေးမှာထိပ်ခေါင်၊ ထဘီပေါင်ရာမှာ ဆရာကြီး၊ သိုမှီးထားတာဆိုလို့ နှပ်ချေးပဲရှိတဲ့ မိသားစုပါခင်ဗျား၊ နှစ်လုံးထီဖဲဝိုင်းကြက်ဝိုင်းမကျန်အောင် ထဘီကွင်းသိုင်းလောင်း၊ အလင်းပိုင်းမှာ ရဲတိုင်းတော့ အပြေးမှာဘိတ်၊ ထဘီအောက်စ အပေါ်စ နှစ်ဖက်စုကိုင်ပြီး ငှက်အိုင်ထဲခုန်ချပုန်းလို့ လွတ်ကင်းခွင့်ရခဲ့တဲ့ မိသားစုပါခင်ဗျား၊ ဂယောင်မှာလဲ ပြည်ထောင်စုဂယောင်အဆင့်၊ နိုင်ငံတကာ အသိအမှတ်ပြု ဂယောင်ကြီးများကိုယ်တိုင် ဂယောင်ပြန်ရိုက်သွားအောင် ဖြစ်တဲ့ ဂယောင်မှာ အဓိပတိ၊ မရှိခြင်းသုံးပါးကတော့ ကျက်သရေရယ်၊ အရှက်ရယ်၊ ငွေကြေးရယ်ပါပဲခင်ဗျား၊ ဟော သက်သေပြတဲ့အနေနဲ့ ထဘီမ,ပါပြီခင်ဗျား၊ မကြည့်ရမရှိရလေအောင် အမြန်လှမ်းလာခဲ့ပါ၊ ဖရီးရှိုး မိုးလင်းအောင် အမျိုးမျိုးပြသသွားမှာပါခင်ဗျား၊ လာပြန်ပြီ နောက်တစ်မျိုး"

ဝကြီးခမျာ မမောနိုင်ရှာ။ တစ်ညလုံး မိုးလင်းပေါက်၊ မီးစက်ကြီးနှိုးပြီး မီးတွေတချိန်းချိန်း၊ မိုက်သံတကျယ်ကျယ်နှင့် အားရဝမ်းသာ အော်ဟစ်နေလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ ဝကြီးအိမ်မပြန်တော့။ သူတို့ဘာသာသူတို့ ဘာလုပ်လုပ်ဆိုသည့် သဘောနှင့်ချန်ခဲ့ကာ မျိုးမြင့်ထွန်းတို့အိမ်မှာ သွားနေနေလိုက်လေသည်။

ဟိုကလဲ လိုက်မခေါ်၊ မျက်နှာပြောင်နှင့်ပင် လက်ဖက်ရည်ဆိုင်တကာ၌

"ဝကြီးကို ငါတို့ဘယ်လို ဆဲထည့်လိုက်တာ"

ဆိုကာ ပတ်၍ ဂုဏ်ယူနေပေသေး၏။ ဝကြီးခမျာ မကြာမီ လက်ထပ်ပြီး ပြန်လည်ကွာရှင်းပြီးသည်နှင့် ကျန်ရစ်တော့မည့် သမီးမယ်ဗလနှင့် သားဗလရှင်တို့အရေးတွေးပြီး ရင်လေးနေမိသည်။

ယခုလဲ မိတကွဲ ဖတကွဲဆိုသော်ငြား ဖခင်အုပ်ထိန်းမှုအောက်





၌ မိခင်က ဂျပန်တွင် ပညာသင်နေကြောင်းသိရ၍ ကလေးများမှာ ဖြေသာသေး၏။ တကယ်ကွဲကြကွာကြဖြစ်လျှင် ကလေးများလဲ စိတ်ဆောင်းလိမ့်မည်မဟုတ်။ ယခု ငယ်သေး၍ မသိသာသေးသော်လည်း အရွယ်ရောက်သောအခါ၌ အလွန်တရာသိသာလှပေသည်။

မိခင်ဖခင်ရင်းမှ အခြားအိမ်ထောင်များနှင့်ဆိုတော့ သားသမီးများမှာ ဘယ်သူ့ကို အားကိုးရမှန်းမသိဘဲ လေလွင့်နေသည်မှာ အများကြီး။

ဝကြီး သက်ပြင်းချမိသည်။

ကွာရှင်းပြီးလျှင် ကလေးများကို မည်ကဲ့သို့ ဖျောင်းဖျရမည်ကို မစဉ်းစားတတ်သေး။ မိခင်ဖြစ်သူကပဲ ဂျပန်ကိုခေါ်သွားမည်လား၊ ဒီမှာ ဘယ်သူတွေနဲ့ ဘယ်လိုထားခဲ့မည်ကိုလဲ မသိနိုင်သေး။

"ဟူး"

ဝကြီး ရင်မောစွာ သက်ပြင်းချမိသည်။ ထိုစဉ်မှာပင်

"ဝကြီး ဝကြီး"

သူ့နာမည်ခေါ်သံကြား၍ လှည့်ကြည့်တော့

"မားသားဘုတ်"

သူ့မရီးလွန်းဌေးဌေးက တုန်တုန်တုန်တုန်နှင့် လျှောက်လာသည်ကို တွေ့ရ၏။

"မင်္ဂလာရက်လည်က မနက်ဖြန်ပဲ ကျတော့မယ်၊ ဘယ်လျှောက်အလေလိုက်နေလဲ"

ဝကြီးလဲ သူမမြင်ချင် မကြားချင်သည်ကို မြင်ရ်ကြားရ၍ ဘင်းပြီး

"ငါ့ဘာသာငါ ဘယ်သွားသွား၊ နင့်အလုပ်လား"

သူ့စကားကို လွန်းဌေးဌေးကလဲ မခံ။

"အေး ငါ့အလုပ်မဟုတ်ပေမယ့် နင်တို့အလုပ်ကို မမြင်ရဘူး



www.burmeseclassic.com

www.burmeseclassic.com



လို့ လိုက်ကူနေရတာ၊ ငါ့မှာ အားတာမဟုတ်ဘူး၊ မနက်ဖြန်ပွဲအတွက် ဗီဒီယိုရိုက်ဖို့ လူတွေသွားငှားရဦးမှာ"

ဝကြီး မျက်မှောင်ကြုတ်သွားသည်။

"ဟင် ဗီဒီယိုရိုက်ဖို့ ဘာလုပ်ဖို့လဲ"

"မှတ်တမ်းလေ၊ အားလုံးပြည့်စုံအောင် ဗီဒီယိုလေးလုံးတောင် ငှားရမှာ၊ နောက်ပြီး တီးဝိုင်းအဖွဲ့ရော"

လွန်းငွေငွေစကားကြောင့် ဝကြီးလန့်သွားသည်။

"ဟင် ဗီဒီယိုမှတ်တမ်းရိုက်တာ လေးလုံးတောင်၊ နောက်ပြီး တီးဝိုင်းနဲ့"

"အေးလေ၊ ဒါမှပြည့်စုံမှာပေါ့"

ဝကြီး မျက်လုံးပြူးပြီး

"ဟင် အဲဒီအတွက် ကုန်ကျစရိတ်က"

သူ့အမေးကို လွန်းငွေငွေ မျက်နှာရှုံ့မဲ့ကာ

"နင့်မင်္ဂလာဆောင်ပဲ၊ နင့်အကြွေးစာရင်းနဲ့ မှတ်ထားတာ ပေါ့"

"ဂစ် ဂစ် ဂစ်"

ဝကြီး တက်မလိုဖြစ်သွား၏။ ဒါကို လွန်းငွေငွေက

"ကဲ ကဲ တက်လဲမနေနဲ့၊ မနက်ဖြန်မနက်ကိုးနာရီသာ မင်္ဂလာပွဲကို အရောက်လာ၊ လူကြီးတွေကို မျက်နှာမဖျက်နဲ့၊ ဒါပဲ"

ဆိုကာ ကော့ပက်ကော့ပက်နှင့် ထွက်သွားလေတော့သည်။

ဝကြီးကသာ တက်ရိုပ်သန်းပြီး တဂစ်ဂစ်နှင့် ကျန်ရစ်ခဲ့တုန်း။

× × ×





"သက်ပျောက်ထိမ်းမြား ရက်လည် မွေးနေ့မင်္ဂလာ ဆွမ်းသွပ်ပွဲကြီး"

"သယ်နှစ်နှစ်မြောက် ကျွာရှင်းမင်္ဂလာအထိမ်းအမှတ်အကြိုပွဲတော်"

"ညှိုးနွမ်းသောစိတ်ထားဖြင့် ဝမ်းသာအားရ ဖိတ်ကြားအပ်ပါသည်"

ဆိုင်းဘုတ်အောက်မဏ္ဍပ်ထဲတွင် လူအများ စည်ကားနေကြသည်။

အားလုံးက သို့လောသို့လောနှင့် မဏ္ဍပ်ထဲ အကြောင်းသား ထိုင်နေကြသည်။ သူတို့လဲ ဘာပွဲလာလို့လာကြမှန်း သိကြပုံမပေါ်။

"အေး ဒီပွဲဟာ ဘာပွဲလဲ"

"မသိဘူးလေ၊ ဖိတ်လို့လာရတာပဲ"

"ငါတို့ကို မင်္ဂလာလက်ဖွဲ့လဲတောင်းပြီး ရက်လည်ဆွမ်းကျွေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အလျှင်ငွေလဲ တောင်းတယ်၊ ဘာတွေလဲ"

"ငါတို့လဲ ဒီလိုပဲ နေပါဦး ဘာပွဲလဲ"

"မသိလို့ပါဆို၊ ကျွေးတာကလဲ မုန့်ဟင်းခါးနဲ့ ရေခဲမုန့်တဲ့"

အားလုံးအူကြောင်ကြောင်ဖြစ်နေသည်။

ဝကြီးလဲ မေးကြမြန်းကြမည်စိုး၍ ကုပ်ချောင်းချောင်းနှင့် အိမ်ပေါ်ပြေးတက်လိုက်သည်။

"ဟာ"

အိမ်ပေါ်မှာတော့ သူဇာတို့ လွန်းငွေငွေတို့နှင့် ဆွေမျိုးများ ဝတ်ကောင်းစားလှ ပြုံးပြုံးပြက်ပြက်များဖြင့် ပျားပန်းခတ်နေကြသည်။ အားလုံး ဝကြီးကို ဂရုမပြုအားသေး။ ချို့တဲ့လွန်းလှသော ကျက်သရေကိုပြည့်လိုပြည့်ညား မိတ်ကပ်များ၊ အဝတ်အစားများနှင့် ပို့နေကြတုန်း။ သူ၏သားတော်မောင် ဗလရှင်နှင့် သမီး မယ်ဗလတို့ပင် ပြာတောက်နေ၏။ မိတ်ကပ်တွေ ဘယ်လိုအဖို့များထားသည် မသိ။ ကိုယ်တိုင်ပင် ကိုယ်မွေးထားသည်များကို မမှတ်မိချင်။ အတန်ကြာမှ တစ်ယောက်က

"ဟဲ့ ဟဲ့ မင်္ဂလာအချိန်ကျပြီထင်တယ်"

ထိုတော့မှ အားလုံးလှုပ်လှုပ်ရွရွဖြစ်ပြီး

"ဟယ် ဟုတ်ပါရဲ့၊ ကိုယ့်မျက်နှာကိုယ်ကြည့်မဝနေတာနဲ့ပဲ မင်္ဂလာအချိန်တောင် မေ့နေတယ်"

"ဟုတ်ပ၊ ကိုယ့်အလှ၊ ကိုယ့်အနုအရွနဲ့တင်မေ့နေတာ၊ ဟဲ့ ဟဲ့ ဝကြီးရော၊ ကိုဝကြီးရော"

ထိုတော့မှ ဝကြီးကို သတိရကြသည်။

"ဟဲ့ ဟဲ့ ကိုဝကြီး ကိုဝကြီး"

ဝကြီးလဲ အိမ်ထောင့်မှနေ၍

"ဘာတုန်း၊ ငါ ဒီမှာ"





သူဇာက အံ့အားသင့်ဟန်ဖြင့်

"ဟင် ရှင် ရှင် ဘာမှမပြင်ရသေးဘူးလား"

ဝကြီး မျက်မှောင်ကြုတ်၍

"ငါက ဘာပြင်ရမှာတုန်း"

"ဟာ ဘာပြင်ရမှာလဲ၊ မင်္ဂလာရက်လည်မှာ နည်းနည်းတော့ ကျက်သရေရှိအောင် လုပ်ရမှာပေါ့၊ မြန်မြန်လုပ်စမ်း"

"ဩော် အေးအေး"

ဝကြီးလဲ ယောင်တောင်ပေါင်တောင်နှင့် ရှိသမျှအကောင်းစားတွေ ထုတ်ဝတ်မိသည်။

ထိုစဉ်မှာပင်

"ကဲ ကဲ အားလုံးအဆင်သင့်ဖြစ်ရင် ပြောတဲ့အတိုင်း နေရာယူကြ"

သူတို့ ဘယ်လိုတိုင်ပင်ထားကြသည်မသိ။ မယ်ဗလနှင့်ဗလရှင်က အရှေ့ဆုံးမှ ပန်းခြင်းလေးနှင့် နေရာယူသည်။ သူတို့နောက်မှာ မားသားဘုတ်က သေဆုံးပြီးသော သူ့အမေအမ်းမကြီးဓာတ်ပုံတွင် ပန်းခွေတွေချိတ်ပြီး ပိုက်ထား၏။

ဝကြီးလန့်သွား၏။

"ဟင် ဟင် ဒါ ဒါက"

"ရှူး"

သူဇာက သူ့နှုတ်ခမ်းပေါ် လက်ညှိုးတင်ရင်း တိတ်တိတ်နေဖို့ သတိပေးသည်။

ဝကြီးနှင့်သူဇာက မားသားဘုတ်နောက်မှာ၊ သူတို့နောက်မှာမှ အဆွေအမျိုးများ။

ဝကြီး ကြောင်ပြီးလိုက်ကြည့်နေမိသည်။ ထိုစဉ်မှာပင် ဦးဆောင်မားသားဘုတ်က



www.burmeseclassic.com

www.burmeseclassic.com



တော်လိုက်ပါတော့ မဘုတ်ကြီးရယ်၊
စိတ်ဆိုးပြီး မဘုတ်ကြီး
သောက်ကြေးတွေ
မဆပ်ပေးဘဲနေလိုက်မယ်ပဲ ဟီး
အောင်မလေး အမေရဲ့

---

"ဟဲ့ ဗီဒီယိုတွေ အိုကေပြီလား"
"အိုကေပါပြီ၊ ရယ်ဒီပဲ"
"တီးဝိုင်းရော"
"အသင့်ပဲ"
သူတို့ ဘာလုပ်နေမှန်း ဝကြီးမသိဘဲ ကြောင်ပြီးလိုက်ကြည့်နေမိသည်။
"ကဲ ဒါဖြင့်စ"
မားသားဘုတ်အသံကြားသည်နှင့် အပြင်မှလဲ
"မင်္ဂလာအချိန်ကျရောက်ပြီဖြစ်ပါ၍ မင်္ဂလာသတို့သမီး၊ သတို့သား မင်္ဂလာခန်းမသို့ ကြွရောက်ပေးပါရန် ပန်ကြားအပ်ပါသည် ခင်ဗျား"
ထိုအသံကြားသည်နှင့် မင်္ဂလာတီးဝိုင်းမှ တီးလုံးကို စတီးချလိုက်သည်။
"ရှင်သေမင်းရယ်မှ ပြောရတော့မယ်"
"ဟင်"
ဝကြီး ထခုန်မိမတတ် လန့်ဖျပ်သွားသည်။ ထိုတီးလုံးက မင်္ဂလာတီးလုံးမဟုတ်။ လူတွေသေလျှင် တီးရသော ဗျိုင်းတောင်တီး





လုံး။ ယခု သူ့မင်္ဂလာပွဲ၌ ဘာကြောင့် ထိုတီးလုံးတီးမှန်းမသိ။ ထိုတီးလုံးသံကြားသည်နှင့် သူ့ရှေ့က သူ့အမေဓာတ်ပုံပိုက်ထားသော မားသားဘုတ်မှ မျက်နှာကြီး ရွဲချလိုက်ပြီး
"အောင်မလေး အမေရဲ့၊ အသေစောလို့ နှမြောလှချည်ရဲ့ ဟီး"
"ဟင် ဟင် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"
ဝကြီးရဲ့အော်သံ။
ထိုအသံနှင့်အတူ နံဘေးနားက သူ့လက်ဆွဲထားသော သူ့ဇာတလဲ
"အောင်မလေး၊ အမေရဲ့ အမေမသေခင် မြင်ချင်ခဲ့တဲ့ မင်္ဂလာပွဲလေ အမေရဲ့၊ သမီး အခု မင်္ဂလာဆောင်ပြီအမေရဲ့ ဟီး"
"ဟာ ဒါကြီးဘာကြီးလဲဟ"
ဝကြီး ခုန်ပြီး ထွက်ပြေးဖို့လုပ်သည်။ သူ့ဇာက အတင်း လက်ကိုမလွှတ်တမ်းဆွဲထားသည်။ ကြည့်လိုက်တော့ မျက်ရည်က အတောင့်လိုက်နှင့်
"အမေရဲ့ အမေ့သမီး မင်္ဂလာဆောင်ပြီလေ၊ အမေရဲ့ ဟီး အမေမသေခင် မြင်ချင်တယ်ဆို အခုတော့ အခုတော့ ဟီး"
"ဟင် ဟင် ဒါက"
ထိုအပြင် အနောက်က အမျိုးများကလဲ
"အောင်မလေးအမ်းမရဲ့၊ အမ်းမမြင်ချင်တဲ့ သမီးငယ် မင်္ဂလာပွဲ ဆင်နွှဲနေပြီလေ အမ်းမရဲ့၊ ထကြည့်ပါဦး အမ်းမရဲ့ ဟီး"
"ဟာ"
"ဟင်"
"ဘယ်လိုဖြစ်တာလဲ၊ ဒါက ဘာပွဲလဲ"
သူတို့ကိုကြည့်ပြီး ဝကြီးသာမက ရွှေပွဲလာဧည့်ပရိသတ်များ



www.burmeseclassic.com

www.burmeseclassic.com



လဲ ကြောင်ပြီးငြိမ်ကုန်၏။ တချို့မှ ပါးစပ်၌ မုန့်ဟင်းခါးဖတ်တန်းလန်းနှင့်ပင် လှုပ်ပင်မလှုပ်နိုင်။ တချို့က ပါးစပ်ကြီးဟပြီး အရုပ်ချထားသလို ငြိမ်သက်နေ၏။ တချို့ကလဲ ကြောင်ပြီး မျက်လုံးသာ ပေကလပ်နိုင်၏။

မြင်ရသောမြင်ကွင်းက ဖြစ်လဲဖြစ်ချင်စရာ။ တီးနေတာက မသာတီးလုံး။ အရှေ့မှာ ကလေးငယ်နှစ်ယောက်က မဂ်လာပန်းကြဲပြီး အနောက်မှာက ပန်းခွေချထားသော သူတို့အမေ၏ အသုဘဓာတ်ပုံ။ ငိုကြီးချက်မ တစ်ယောက်။ အနောက်က သတို့သမီးဝတ်စုံနှင့် မျက်ရည်လည်ရွဲ။ အနောက်မှာလဲ ရင်ဘတ်စည်တီး၊ အငိုကြီးငိုနေကြသည့် အမျိုးတစ်သိုက်။ ဗီဒီယိုရိုက်သူတွေပင် ကြောင်ပြီးမရိုက်မိဘဲ နေလေသည်။ သူတို့လှမ်းနေတာကလဲ မင်္ဂလာစင်မြင့်။ တီးတာက မသာတီးလုံး။

"ရှင်သေမင်းရယ်က သနားမညှာ"

"အောင်မလေးအမ်းမရဲ့၊ အမ်းမရဲ့သမီး မင်္ဂလာပွဲ၊ အမ်းမမြင်ချင်တယ်ဆို၊ အခု သမီးငယ်မင်္ဂလာဆောင်ပြီလေ၊ ထကြည့်ပါဦး၊ အမ်းမရဲ့ ဟီး"

"ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် လူဖြစ်အောင်မွေးလာတဲ့ သမီး မင်္ဂလာပွဲ အမ်းမကြီးဆင်နွှဲချင်ရဲ့ဆို၊ အခုဆင်နွှဲပြီလေ၊ အမ်းမရဲ့၊ အမ်းမရဲ့သမီး မင်္ဂလာဝတ်စုံနဲ့ ဘယ်လောက်လှလဲ ထကြည့်ပါဦး အမ်းမရဲ့ ဟီး"

မျက်ရည်တွေ လှိုင်လှိုင်ဖြိုးလို့ အပြိုင်မိုးများ ရွာချသလား အောက်မှတ်ရအောင် မျက်ရည်တွေချောင်းစီး၊ ရင်ဘတ်မောင်းတီးပြီး ငိုနေကြသူများ။ မင်္ဂလာလမ်းတစ်လျှောက် ချောင်းပေါက်အောင် မျက်ရည်လျှံလို့ လေယာဉ်ပျံငှားသွားရမယ့် အနေအထား။

ဝကြီးလဲ ကြောက်လန့်ပြီး





"ဟင် ဒါက ဒါက ဘယ်လိုဖြစ်တာလဲ၊ ပြေး ပြေးရမှာလား"

ရှက်ပြီး ရှန်းထွက်ဖို့ကြိုးစားသေး၏။ သို့သော် ဇနီးမယား ချုပ်ပြန်သူဇာကြီးက ငိုယိုရင်းက သူ့ဗလအားကိုးနှင့် ဝကြီးလက်ကို မလွတ်နိုင်အောင် အတင်းဆွဲညှစ်ထားကာ

"အမေရဲ့၊ အမေမြင်ချင်တဲ့ သမီးရဲ့မင်္ဂလာဆောင်လေ၊ အမေရဲ့ ဟီး သမီးက အဖြူရောင်သတို့သမီးဝတ်စုံနဲ့ လှလိုက်တာ အမေရဲ့ သမီးကိုယ်သမီးတောင် မမှတ်မိဘူး အမေရဲ့ ဟီး"

သူ့အသံကို အရှေ့က အသုဘဓာတ်ပုံပိုက်ထားသော မားသားဘုတ်ကြီးကလဲမခံ။ တစ်ပြန်ထ၍

"အောင်မလေး အမ်းမရဲ့၊ သမီးကလဲ ပိတောက်ခြောက်ရောင်ဝမ်းဆက်နဲ့ပါပဲ အမ်းမရဲ့"

"အဲဒါ အပေါင်ဆုံးအမ်းမရဲ့၊ သမီးက အမှန်အကန်၊ ဟီး အမှန်အကန် အမ်းမရဲ့ ဟီး"

"သမီးက အပေါင်ဆုံးဆိုပေမယ့် အသစ်ပါအမ်းမရဲ့၊ သူ့ဝတ်စုံကမှ တစ်ပတ်ရစ်ကြီး အမ်းမရဲ့၊ ငှားလာတာ ဟီး"

အရေးထဲ ညီအစ်မအချင်းချင်း ငိုရင်းကလပ်နေသေး၏။

"တော်လိုက်ပါတော့ မဘုတ်ကြီးရယ်၊ စိတ်ဆိုးပြီး မဘုတ်ကြီး သောက်ကြွေးတွေ မဆပ်ပေးဘဲနေလိုက်မယ် ဟီး၊ အောင်မလေး အမေရဲ့"

"နင့်မှာလဲ ဖဲကြွေးတွေနဲ့ပါပဲ၊ နင့်ဖဲကြွေး နင်အရင်ဆပ်ပါ။ အမ်းမရေ အမေ့သမီးဖဲကြွေးတွေ အဲလေ အမ်းမသမီး မင်္ဂလာပွဲ လာကြည့်ပါဦးဗျ"

သူတို့နှစ်ယောက် ဖြစ်နေတာကိုကြည့်ပြီး ဝကြီးလဲ သည်းမခံနိုင်တော့။ အလိုလို မျက်ရည်ထွက်ပြီး

"ဟီး နင်တို့အရေးမပါတဲ့ သောက်ကြွေးတွေအကြောင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ပါ၊ မင်္ဂလာအမျှလဲ
ဝေပြီးပြီဆိုတော့ သတို့သား
သတို့သမီးတို့ မင်္ဂလာမုန့်ဟင်းခါး
ကျွေးလို့ရပါပြီ

---

မနေနဲ့တော့၊ ငါရှက်လို့သေတော့မယ် ဟီး”

သူငိုသံကိုကြားတော့ မိဇာကြီး ဝမ်းသာအားရ ငိုသံကြီးဖြင့်

“အောင်မလေး အမေရဲ့၊ အမေ့သားမက်တော် ငိုပြီအမေရဲ့”

ဒါကို ဝကြီးကလဲ ငိုပြီး

“ငါငိုတာ နင်တို့သောက်ဖောင်းတွေလုပ်နေလို့ ရှက်လို့ငိုတာ ဟဲ့၊ ဟီး ရှက်လိုက်တာ၊ ဘယ်လိုပြောရမှန်းတောင် မသိဘူး ဟီး”

“အောင်မလေး အမ်းမရဲ့၊ အသေစောလို့ နှမြောလှချည်ရဲ့ ဟီး”

“အောင်မလေး အသေစောလို့သာပဲ အသေမစောရင် ငါ ရှက်လို့သေလိမ့်မယ် ဟီး”

ငိုရင်းပြောရင်းနှင့် မင်္ဂလာမဏ္ဍပ်ပေါ် မျက်ရည်လည်ရွဲနှင့် ရောက်လာရသည်။ တီးလုံးကလဲ ရပ်သွားပေပြီ။ ထိုတော့မှ အခမ်းအနားမှူးကလဲ ယောင်နနဖြင့်

“အခုလို ငိုပွဲသဘင်ဆင်နွှဲပြီးနောက် အဲလေ မင်္ဂလာလျှောက်လမ်းမှ မင်္ဂလာစင်မြင့်ပေါ် ရောက်လာပြီဆိုတော့ ယခုတဖန် ဆက်လက်ကျင်းပမှာကတော့ မင်္ဂလာရေစက်ချခြင်း အခမ်းအနားပါပဲ”

ထိုစကားကြားတော့ ပွဲလာသူပရိသတ်များလဲ မျက်လုံးပြူးပြီး





“ဟင် မင်္ဂလာရေစက်၊ ဘာလဲ မင်္ဂလာရေစက်”

“မင်္ဂလာပွဲမှာ ရေစက်ချစရာလား၊ ဘာလို့ မင်္ဂလာရေစက် ချရတာလဲ”

“မင်္ဂလာရေစက်တဲ့ ကြား ကြားဖူးပေါင်”

အားလုံး ကြောင်တောင်တောင်ဖြစ်ကုန်၏။ ဝကြီးပင် ဘာပြောလို့ပြောရမှန်းပင်မသိ။ သူလဲ ကြောင်နေစဉ်မှာပင် အခမ်းအနားမှူးက

“မင်္ဂလာပွဲအောင်မြင်ပြီမို့ ကြွရောက်လာကြသော လူနတ်ဗြဟ္မာ သတ္တဝါအားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်သော်(စ်)”

ထိုတိုင်ပေးသံနှင့်အတူ မင်္ဂလာပွဲကြွရောက်လာသူအားလုံး ယောင်နနနှင့်

“သာဓု သာဓု သာဓု”

ဟူ၍ သာဓုသုံးကြိမ်ခေါ်ယူကြလေ၏။ ထိုအသံနောက်ကမှ အခမ်းအနားမှူးက

“ဟုတ်ကဲ့ပါ၊ မင်္ဂလာအမျှလဲ ဝေပြီးပြီဆိုတော့ သတို့သား သတို့သမီးတို့ မင်္ဂလာမုန့်ဟင်းခါး ကျွေးလို့ရပါပြီ”

ဝကြီးမှာ ဘာမှမစဉ်းစားနိုင်။ ပါးစပ်နားတက်လာသော သူဇာကြီးလက်က မုန့်ဟင်းခါးဇွန်းကို မျက်ရည်လည်ရွဲနှင့် ဖတ်ခနဲ ဖမ်းဟပ်လိုက်သည်။

“ပြန်ကျွေးလေ”

“ဂန်းမ နင့်ဘာသာနင်စား”

သူ့စကားကို သူဇာက မူနွဲ့နွဲ့ကြီးလုပ်ပြီး

“မင်္ဂလာဆောင်မှာတောင် ခွံ့မကျွေးချင်ဘူးလား”

ဝကြီးတင်းသွားသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ဟ"

သူဇာက မျက်လုံးမှိတ်ပြီး ပါးစပ်ဟသည်။ ဝကြီးရှေ့က မုန့်ဟင်းခါးတစ်ပန်းကန်လုံးမ,ယူပြီး

"ကဲဟာ ဒီလောက်စားချင်ဦး"

ဆိုကာ သူဇာကြီးဟထားသော ပါးစပ်ထဲ မုန့်ဟင်းခါးတစ်ပန်းကန်လုံး ပက်ထည့်လိုက်သည်။

ဖလွှားခနဲ မျက်နှာရော ပါးစပ်ထဲရော အင်္ကျီများပေါ်မှာပါ မုန့်ဖတ်များ ပေကျံကုန်၏။

ဒါကို သူဇာက ပါးစပ်ထဲက မုန့်များကို အရင်မြိုချလိုက်သေးသည်။ ပြီးမှ ကျန်သည်များကို လျှာနဲ့လျက်ပြီး

"ဟင် ဟင် ကိုဝကြီး ရှင် ရှင် ဘာလုပ်"

သူ့စကားမဆုံးမီ ဘုတ်ကြီးပြေးလာပြီး

"ဟင် သူဇာ သူဇာ နင်ဘယ်လိုလုပ်တာလဲ၊ အစားပက်စက်လိုက်တာ၊ အင်္ကျီတွေ ပေကုန်ပြီ၊ အဲဒီအင်္ကျီက ငါ့မျက်နှာနဲ့ ငှားထားတာဟဲ့၊ အခု ပေကုန်ပြီဆိုတော့ ဘယ်လိုလုပ်မှာလဲ၊ နင်လျော်နိုင်လို့လား"

လွန်းငွေငွေအမေးကို သူဇာကလဲ တင်းနေချိန်မို့ ဦးတည်ချက်ပြောင်းပြီး

"နင့်မျက်နှာကြီးနဲ့ ငှားထားရင်လဲ နင့်မျက်နှာကြီးပြန်ပြပြီး အရိုက်ခံလိုက်ပေါ့၊ ဒါလေးများ"

သူဇာ့စကားကြောင့် ဘုတ်ကြီးလဲ တင်းသွားပြီး

"ဟင် နင်က ငါ့ကို ခံပြောတယ် ဟုတ်လား၊ အခု ဝင်လုံးလိုက်လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်၊ မင်္ဂလာဆောင်မှာ မလုံးချင်ဘူးနော်"

ဒါကို သူဇာကလဲ ခုန်ထပြီး

"အေး လုံးချင်လာလေ၊ အခုလုံးရအောင်၊ မင်္ဂလာဆောင်လဲ





လုံးလို့ရပါတယ်"

သူ့စကားကို မားသားဘုတ်ကလဲ ခေသူမဟုတ်မို့

"အေး ဒါဆို လုံးပြီ၊ ဟိုင်းယား"

ဆိုကာ ခန္ဓာကိုယ်နှင့်မလိုက်အောင် လွှားခနဲခုန်အုပ်၍ လုံးလိုက်သည်။

"ဩော် နင်က ဒီလိုလား လုံးပြီ ယား"

မင်္ဂလာပွဲမှာ ချက်ချင်းပင် ဝရုန်းသုန်းကား ဖြစ်သွား၏။ ဝကြီးကတော့ မသိမသာ လျှိုထွက်သွားသည်။ သူမှာက တစ်ရက်ရှိသည်မဟုတ်လား။ အရက်မရှိသူနှစ်ယောက်ကတော့ ထဘီပင်မနိုင်ကြတော့ သို့သော် ကိစ္စမရှိ၊ ထဘီပြန်မဝတ်အား။ ရှုံးသွားမည်စိုးရသကိုး။ သူနိုင်ကိုယ်နိုင် အပြိုင်ကျဲတုန်း။ အားလုံးလဲ သန်ရာသန်ရာ ခတ် အားပေးကြသည်။

"ဘုတ်ကြီးကွ"

"ဇာကြီးကွ"

"ထဘီမကောက်နဲ့ချ"

"လည်ပင်းတက်ခွပါဟ၊ တက်ခွပါ"

ထိုစဉ်မှာပင် ပီသကြည်မြသော အသံကြီးက

"မင်္ဂလာပွဲကြီး ထူးဆန်းစွာအောင်မြင်စွာ ပြီးဆုံးကြောင်းကြေညာအပ်ပါသည်ခင်ဗျား"

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ထိုအသံက အိပ်ပျော်နေသော ဝကြီးနားထဲ ခုန်ဝင်လာသည်။ အသံကား မည်မျှကျယ်လောင်သည်ဆိုရသော် ဝကြီးသာ ဝတ္ထုရေးသူတစ်ယောက်ဖြစ်ပါက ဤသို့ဖွဲ့ဆိုမိပေမည်။

"ဘာ"

မိုးကြိုးပစ်သံလဲမဟုတ်၊ ဆယ့်နှစ်ဘီးကားဘီးများ ပြိုင်တူပေါက်သံလဲမဟုတ်။ ရပ်ကွက်ထိပ်က ထရမ်စဖော်မာသုံးလုံး ထကွဲသံလဲမဟုတ်။ သို့သော် ထိုနည်းတူစွာ ကျယ်လောင်သောအသံ။ ထိုအသံကား

"ဘာ"





မားသားဘုတ်နှင့် သူဇာတို့ဆီမှ ပြိုင်တူထွက်လာသော အော်သံနက်နက်။ ဝကြီးလဲ အိပ်ယာမှလန့်နိုးပြီး မထသေးဘဲ နားစွင့်နေလိုက်သည်။ အပြင်မှာ ပြဿနာက သေးလိမ့်မည်မဟုတ်ဟု သူရိပ်မိသည်။ သူထင်သည့်အတိုင်းပင် အပြင်မှာဖြစ်နေသည်က

"ဘာ ကင်မရာမှတ်တမ်းတင်ဖို့ မေ့သွားတယ် ဟုတ်လား"

သူဇာ၏အသံကျယ်ကျယ်။ ဝကြီး အိပ်ရာထဲမှ သက်ပြင်းချမိသည်။ အပြင်မှာ ကြားနေရသည်က

"ဟုတ် ဟုတ်ပါတယ်၊ ဟိုလေ ကျွန်တော်တို့လဲ အစ်မကြီးတို့ရဲ့ ထူးခြားဆန်းပြားတဲ့ သက်ပျောက်အခမ်းအနားကိုမြင်ပြီး ခလုတ်နှိပ်ဖို့ မေ့သွားတာပါပဲ"

ကင်မရာမင်းစကားကို မားသားဘုတ်ကြီးက ရင်ဘတ်စည်တီးပြီး

"အောင်မလေး သူတို့က ငါတို့ကိုကြည့်ပြီး ကြောင်ကရောနဲ့ ခလုတ်မနှိပ်မိဘူးတဲ့၊ အောင်မလေး ဆုံးပါပြီ၊ အိုက်တင်တွေတော့ ဆုံးပါပြီ"

သူ့စကားကို သူဇာကလဲ ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ဂေါ်ဇီလာထု ထုပြီး

"အောင်မလေး ငွေကုန်ကြေးကျခံပြီး လုပ်ခဲ့ရတဲ့ ရက်လည်မင်္ဂလာ၊ နင်တို့က အရုပ်တစ်ခုမှ မရဘူးဆိုတော့ ငါတို့ ဘယ်သူ့ကိုပြပြီး ဘယ်လိုကြွားရမှာလဲ ပြောပါဦး အကောင်တွေရဲ့ ဟင်၊ မျက်ရည်တွေများ အလကားဖြစ်ပေါ့"

ကင်မရာမင်းများကလဲ ရှိုကျိုးစွာဖြင့်

"ဟို ဟိုလေ၊ အဲ အဲဒီအတွက် ပိုက်ဆံမပေးပါနဲ့၊ ကျွန်တော်တို့လဲ ကုန်ကျစရိတ် မယူပါဘူး"

"ဟဲ့ နင်တို့ကိစ္စ ကုန်ကျစရိတ်မယူရုံနဲ့ ပြီးမလား၊ ငါ့မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှတ်တမ်းတွေ မပြနိုင်ရင် ဘယ်လိုလုပ်မလဲ"

"ဟို ဟိုလေ မင်္ဂလာမှတ်တမ်းတွေတော့ အကုန်ရထားပါတယ်၊ လိုချင်ရင် အကုန်ရှိပါတယ်"

"ဟင် ဒါကို ဘာတွေမရှိတာလဲ"

ကင်မရာသမားများ ခေါင်းကုတ်ပြီး

"ဟိုလေ ငိုတဲ့အခန်းတွေတော့ ကြောင်ကရော့ဖြစ်ပြီး မရိုက်လိုက်ရတာပါခင်ဗျ"

"ငိုတဲ့ပုံတွေ"

သူဇာနှင့်မားသားဘုတ် မျက်မှောင်ကြုတ်သွား၏။

"ဒါဆို ကျန်တဲ့ပုံတွေရှိတာပေါ့"

မားသားဘုတ်အမေးကို ဗီဒီယိုသမားလေးများက

"ဟုတ် ဟုတ် ရှိပါတယ်"

"ဒါဆို ခရိုမာဖောက်မယ်"

"ဗျာ"

သူဇာကြီးအော်သံကြောင့် ဗီဒီယိုသမားလေးများပင် အံ့အားသင့်သွားသည်။ ဒါကို သူဇာက

"ဟုတ်တယ်၊ ပရိသတ်ပုံတွေရှိရင် ငါတို့ရဲ့မျက်ခွက်၊ အဲလေ မျက်နှာကြီးပဲ ခရိုမာဖောက်ရိုက်ပြီး ပရိသတ်ပုံတွေနဲ့ ပြန်ဆက်လိုက်မယ်၊ အဲဒါ ဂျပန်နည်း၊ ဟီးဟီး"

"ဟင်"

ဗီဒီယိုသမားလေးများပင် ဘာဆက်ပြောရမှန်းမသိ။ နောက်မှ သတိရပြီး

"အဲ ဟိုလေ အဲဒီလိုလုပ်မယ်ဆိုရင်"

"ဘာမှမပြောနဲ့ တိတ်"

"အု"





ဟိုက စကားပင်မစရ။ မားသားဘုတ်က ထအော်သည်။ ပြီးမှ ဆက်၍

"ငါ့ညီမ ပြောတာ မှန်တယ်၊ မျက်ခွက်တစ်ကွက်တည်း ပြန်ဖြတ်ရိုက်ပြီး အကယ်ဒမီယူမယ်၊ အားလုံးအသင့်ပြင်"

ဆိုကာ ဝရုန်းသုန်းကားနှင့် အိမ်ထဲဝင်ပြီး အလှပြင်ကြသည်။ သူတို့တင်မဟုတ်၊ အမျိုးများကပါ ဝင်ရောက်လာပြီး

"ဟော့ ဟော့ ငါတို့လဲပါမယ်၊ ငါတို့လဲ ဝင်ငိုမယ်"

"ဟဲ့ လုပ်ပါဟဲ့ နောက်ကျကုန်ဦးမယ်"

"ဝမ်းဆက် ဝမ်းဆက်ထုတ်"

သိပ်မကြာလိုက်။ အမျိုးတစ်သိုက်မှာ ကင်မရာကြီးလေးလုံးရှေ့၌

"အောင်မလေး အမ်းမရဲ့၊ အသေစောလို့ နှမြောလှချည်ရဲ့"

"အမ်းမရဲ့ အမ်းမသမီးမင်္ဂလာဆောင်ပြီလေ၊ အမ်းမမြင်ချင်တယ်ဆို၊ ထကြည့်ပါဦး အမ်းမရဲ့ ဟီး"

"ဟိုကောင်မ ဟိုဖက်နည်းနည်းတိုးပါဟဲ့၊ ငါငိုတာကို နင်ဖိုးဂရောင်းဝင်မခံနဲ့၊ အောင်မလေးအမ်းမရဲ့ ဟီး"

"အောင်မလေး ငါ့မျက်နှာရှေ့ ပိတ်မထားပါနဲ့၊ ငါက အမှန်အကန်ငိုနေတာပါ အမ်းမရဲ့ ဟီး"

"အောင်မလေး အကယ်ဒမီ ပေးကြပါတော်၊ ကျွန်မက အငိုကောင်းလို့ အကယ်ဒမီပေးကြပါ၊ အောင်မလေး အမ်းမရဲ့"

"ဟီး ဇာတ်ပို့ကပဲ အကယ်ဒမီလိုချင်သေး၊ ဟောဒီက သူဇာတို့က ဇာတ်ဆောင်ပါတော်၊ အရုပ်ကလေးတစ်ရုပ် အမြန်ပေးကြပါဦး ဟီး"

"ဟိုကောင်မလွန်လာပြီနော်၊ ငါ့မျက်နှာရှေ့"

"ပိတ်တော့ဘာဖြစ်လဲ ဟီး၊ လုံးချင်လို့လား၊ အောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



အမ်းမရဲ့ ဟီး"

လုပ်ရင်းနှင့် အခြေအနေမကောင်း၍ ဝကြီးမှာ မနေနိုင်တော့။ အသာလေး ခြေဖော့နင်း၍ အပြင်သို့ ထွက်လာခဲ့သည်။

သိပ်မကြာပါ။ သူ၏အတွေး မှန်ပေလိမ့်မည်။

× × ×





"ဟွီး ပွဲတစ်ပွဲလုပ်တာ ပင်ပန်းပြီး ကိုယ်လက်တွေတောင်နာတယ် ဟူး"

သူဇာက အိမ်ကပြင်တွင် ခြေပစ်လက်ပစ်ထိုင်ရင်း ထဘီအောက်အနားကို ခပ်ကာ ခပ်ညည်းညည်းဆို၏။ အမှန်တော့ ပွဲ၌ ပင်ပန်းခဲ့သည်မဟုတ်။ ပွဲအတွင်း နပန်းလုံးရ၊ ရန်ဖြစ်ရ၊ အော်ငိုရတာမို့ ကိုယ်လက်နာနေခြင်းဖြစ်၏။ ဒါကို အစ်မဖြစ်သူ ဂယောင်ကြီးကလဲ

"ဟဲ့ ပင်ပန်းမနေနဲ့ဦး၊ နောက်ဆုံး အဆုံးသတ်ပွဲကို စီစဉ်ရဦးမှာလေ"

လွှန်းဌေးဌေးစကားကို သူဇာက မြိန့်မြိန့်ကြီးပြုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့၊ ဂျပန်မှာနေခဲ့တဲ့ အတွေ့အကြုံတွေနဲ့ ကြိုးစီစဉ်ထားပြီးသားပါ၊ ဟောဒီမှာကြည့်စမ်း ဖိတ်စာ"

ဆိုကာ ဖိတ်စာတစ်စောင် ပစ်ချပေးလိုက်သည်။ ဖိတ်စာတွင် ရေးထားသည်က

"ဒုတိယအကြိမ် အပျိုဖြစ်ခြင်း အထိမ်းအမှတ်နှင့် လင်မယား ကျွာရှင်းပြတ်စဲခြင်း အထိမ်းအမှတ် အခမ်းအနား"

"ညှိုးနွမ်းသောစိတ်ထားဖြင့် ဝမ်းသာအားရ ဖိတ်ကြားအပ်ပါသည်"

သူ့စာကိုဖတ်ပြီး လွန်းငွေငွေ(ဈေးတက္ကသိုလ်)က

"ဟဲ့ နင့်မြန်မာစာရေးထုံးက သိပ်မမှန်ဘူး၊ ဒီလိုရေးရတယ်"

ဆိုကာ စာကို ပြန်ပြင်ရေးလိုက်သည်။

"လင်မယားနှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသကာလ၊ ကလေးနှစ်ယောက်နှင့် အပျိုပြန်ဖြစ်ခြင်း ဒုတိယပိုးအောင်ပွဲသတင်းနှင့် ဖခင်မဲ့ကလေးနှစ်ယောက်အား ကူညီစောင့်ရှောက်မည့်သူ မျှော်ကိုးခြင်း ဒုတိယပိုး အကျိုးမျှော်နှိုးဆော်ပွဲကြီး"

မှတ်ချက်။ အထူးအခွင့်အရေး။ တစ်ယောက်ယူ တစ်ယောက်ဖရီးအပြင် ကလေးနှစ်ဦးအား ရှာသက်ပန်ကုသိုလ်ယူပြုစုလုပ်ကျွေးခွင့်ရမယ်သိကလား၊ အလကားပေးဆို အိမ်ပြိုပါရစေ။

"ညှိုးနွမ်းသောစိတ်ထားဖြင့် ဝမ်းသာအားရ ဖိတ်ကြားအပ်ပါသည်"

"မျှော်နေမယ် သိလား"

လွန်းငွေငွေ၏ဖိတ်စာကိုကြည့်ပြီး သူဇာအားရသွားသည်။ မချိုမချဉ်မျက်နှာဖြင့်

"အင်း ဂျပန်မှာ အနေကြာတော့ မြန်မာစာတောင် မေ့တေ့တော့၊ အေးလေ မနေ့ကကျွေးတာဘာလဲ"

မဆီမဆိုင်စကားကြောင့် လွန်းငွေငွေ မျက်မှောင်ကြုတ်





သွားသည်။

"ဘာကိုပြောတာလဲ"

သူဇာက အဖြေစဉ်းစားမရဟန်ဖြင့်

"ဟိုလေ အဖတ်ရှည်ရှည်တွေနဲ့ အရည်က ငါးတွေ ငှက်ပျောအူတွေနဲ့ ချက်တာလေ"

"မုန့်ဟင်းခါးလား"

သူဇာက အိမ်ကပြင် ဝမ်းသာအားရ လက်ဖြင့်ပုတ်ပြီး

"အေး မုန့်ဟင်းခါ၊ မုန့်ဟင်းခါး၊ အင်း အဲဒီမုန့်ဟင်းခါးမြင်တော့ ဂျပန်တောင် သတိရသေး"

"ဘာဖြစ်လို့လဲ"

"ဂျပန်မှာ မုန့်ဟင်းခါးမရှိဘူးလေ၊ မသိဘူးမဟုတ်လား၊ ငွားငွားငွား"

"နင့်မေစကပ်ကွဲ"

လွန်းငွေငွေ အချင်းချင်းပင် ကပ်အကြောခံရ၍ တင်းသွားသည်။ သူဇာကတော့ ခေါင်းခါခါ လည်ခါခါ တောင်ကြည့်မြောက်ကြည့်နှင့် နဂိုရှုးကို မရှုးချင်ယောင်ဆောင်နေလိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ဟင် လာပြန်ပြီ နောက်တစ်မျိုး၊ ဒါ ဒါက"

ဝကြီး မျက်လုံးပြူးပြီး ထအော်သည်။ ဒါကို သူဇာက မျက်နှာကို ခွေးချီသွားသလိုချီပြီး

"ဘာလဲ ရှင်ရှုးချင်ယောင်ဆောင်မလို့လား၊ ရှင်နဲ့ကျွန်မ ကွာရှင်းဖို့ ဖိတ်စာရေးထားတာလေ"

ဝကြီး အံ့သြတကြီးပြန်ကြည့်ပြီး

"ဟင် လင်မယားကွာရှင်းတာ ဖိတ်စာလိုလို့လား"

သူဇာက ကလယ်ကလယ်ဖြင့်

"ဟင် လင်မယားကွာရှင်းတာ ဖိတ်စာမလိုဘူးလား"

"နင့်မေကြီးတော်၊ လင်မယားကွာရှင်းတာ ဘယ်တုန်းက ဖိတ်





စာနဲ့ဖိတ်လို့တုန်း"

ဝကြီးစကားကို သူဇာက သက်ပြင်းချပြီး

"ဒီလိုလား၊ အေးလေ၊ ဂျပန်မှာ အနေကြာတော့ မြန်မာ ဓလေ့တွေတောင် မေ့နေပြီ"

အလကားနေရင်း ကပ်ကြောသေး၏။ ပြီးမှ သက်ပြင်းချပြီး

"ဟင်း ဒီဓလေ့တွေ မရှိရင်လဲထားပါ၊ ဖိတ်စာက ဖိတ်သင့် သူတွေ ဖိတ်ထားပြီးပြီဆိုတော့ လာကြမှာပဲ၊ ဒါပေမယ့် အဲဒီနေ့မှာ အိုးစည်ဝိုင်းတော့ ငှားမှဖြစ်မယ်နော်"

"ဘာ ဘာပြောတယ်"

ဝကြီး ထအော်သည်။ သူဇာက နဂိုကလယ်မျက်လုံးကို နှစ် ဆင့်ထပ်ကလယ်လိုက်ပြီး

"အိုးစည်ဝိုင်းငှားထားတာလေ"

ဝကြီး မျက်လုံးပြူးသွားသည်။

"ဟင် အိုးစည်ဝိုင်းက ဘာလုပ်ဖို့လဲ"

သူဇာက ဝမ်းသာအားရဖြင့် လက်တို့နှစ်ဖက်ကို ကွေးကောက် ကာ

"ကမှာလေ ကမှာ"

"ဟင်"

"ကွာရှင်းပြတ်စဲ၊ အပျိုဖြစ်ခြင်းအခမ်းအနားမှာ ပျော်လို့က မှာ ဟီဟိ"

"တယ် ဒီကောင်မတော့လေ"

ဝကြီး သူဇာ့မျက်နှာ တစိမ့်စိမ့်ကြည့်ရင်း တင်းနေသည်။ သူဇာကတော့ ခေါင်းတခါခါ လည်တခါခါနှင့် ပီတိဖြစ်နေ၏။ ပြီးမှ ဝကြီးဖက်လှည့်၍ ပေါင်ကိုပုတ်ပြီး

"ရှင်ကလဲ ဒါက ရှင်နဲ့ကျွန်မ နောက်ဆုံးပွဲပဲဟာ၊ ပျော်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရှင်လမ်းခွဲတာ ကောင်းတာပေါ့၊ ရှင်ကလဲ ဂျပန်မှာဆို ဒီလိုပဲ"

"နင့်အမေဂျပန်ပတ်"

ဝကြီးထအော်မိသည်။ ပြီးမှ ဒေါသတကြီးဖြင့်

"နင့်ဘာသာနင် ကြိုက်တာလုပ်၊ နင်နဲ့ငါကွာရှင်းပြီးရင်ပြီး ပြီ"

ပြောပြီးလှည့်အထွက်။

"အို ကျွန်မလဲ ဒါပဲမျှော်လင့်တာ၊ ဒါနဲ့ မကွဲခင် အိုးစည်ဝိုင်း ဖိုးလေးရှင်းပေး၊ ဂျပန်မှာဆို ဒီလိုပဲ"

"နင့်မေဂျပန်"

ဝကြီး ပြောမိပြောရာပြောပြီး ထွက်သွားလေတော့သည်။

× × ×





ဝကြီးနှင့်သူဇာ၏ ကွာရှင်းပြတ်စဲခြင်း အခမ်းအနားက စည် ကားလှပါသည်။

တရားရုံးရှေ့တွင် သူဇာနှင့်ဆွေမျိုးများ၊ ရပ်ကွက်သားအချို့ အပြင် ငှားထားသော အိုးစည်ဗုံမောင်းအဖွဲ့သားများ အသင့်စောင့် နေကြသည်။

တရားရုံးထဲတွင်တော့ တရားသူကြီးရှေ့ ဝကြီးနှင့်သူဇာ။ ထို့အပြင် မိဘများကွာရှင်းတော့မည်ကို ငိုမဲ့မဲ့ဖြစ်နေကြသော သမီး ကြီးမယ်ဗလနှင့် သားဗလရှင်။

တရားသူကြီးက နှစ်ယောက်ကိုကြည့်ပြီး

"လင်မယားကွာရှင်းတော့မယ်ဆိုတာ တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးအမေးကို သူဇာက ထုံးစံအတိုင်း ရင်ပျော့ပျော့ ကော့ပြီး

"အစစ်ပေါ့ရှင်၊ အစစ်ပေါ့"

ဝကြီးက ဘာမှမပြော။ ကလေးများအရေးတွေးပြီး ရင်လေး နေသည်။ လင်မယားကွာရှင်းပြီးပါက ကလေးငယ်နှစ်ဦး မျက်စိသူငယ် နားသူငယ်နှင့် ကျန်ရစ်ခဲ့ပေတော့မည်။ မိတကွဲဖတကွဲနှင့် အရွယ် ကောင်းကောင်းမရသေးသော ကလေးနှစ်ယောက်မှာ သနားစရာ။

တရားသူကြီးကလဲ ရိပ်မိပုံရပါသည်။ ထို့ကြောင့် သက်ပြင်း ချရင်း

"ကဲ ဆိုစမ်းပါဦး၊ ကွာရှင်းချင်ရခြင်းရဲ့ အကြောင်းပြချက် က"

ဝကြီး ဘာမျှပြောနိုင်မီ သူဇာက ရင်ကော့ပြီး

"ပြောနိုင်တာပေါ့ရှင်၊ ပြောနိုင်တာပေါ့။ ဟင်းဟင်း၊ အနီးစပ် ဆုံးနဲ့ ထင်သာမြင်သာအရှိဆုံး ဥပမာပြရရင် ဟောဒီမှာမြင်နေတဲ့ ကျွန်မရဲ့သမီးနဲ့သားကိုပဲကြည့်ပါ"

တရားသူကြီးက ငိုမဲ့မဲ့ဖြစ်နေသော ကလေးနှစ်ယောက်ကို ကြည့်သည်။ သူဇာက လေသံမာမာဖြင့်

"အဲဒီကလေးနှစ်ယောက်ကိုပဲ ကြည့်လိုက်စမ်းပါ၊ အဲဒီနှစ် ယောက်လုံး သူ့အဖေနဲ့ လုံးဝကို ရုပ်ကမတူဘူး၊ ဒါ ကလေးအဖေရဲ့ ပေါ့လျော့မှုအတွက် သက်သေပဲ"

"ဟင်"

"ဟာ"

သူဇာစကားကြောင့် တရားသူကြီးပင် ကြောင်ကရော့ဖြစ် သွားသည်။ နောက် ကလေးကြည့်လိုက် ဝကြီးကြည့်လိုက် ဖြစ်သွား သည်။ အတန်ကြာမှ ခေါင်းကုတ်ပြီး





"အေး ဟုတ်တော့လဲ ဟုတ်သလိုပဲ အဲ"

နောက်မှစဉ်းစားမိပြီး ဝကြီးတစ်လှည့် ကလေးတစ်လှည့် တမန်းကတန်း လက်ညှိုးထိုးကာ

"သူ့အဖေနဲ့ ကလေးတွေရုပ်မတူဘူး"

တရားသူကြီးအမေးကို သူဇာ မျက်နှာကြီးချိုကာ

"အစစ်ပေါ့ မြင်တဲ့အတိုင်းပဲ"

"ဒါ ဒါဆို ဒီကလေးတွေက ကလေးအဖေဝကြီးနဲ့ ရတာ မဟုတ်ဘဲ နင် ဘယ်သူနဲ့ ရထားတာလဲ"

"အဲ အဲ အဲဒါ"

သူဇာကြီး ဂယောင်ချောက်သွားသည်။ သူ့စကားနှင့်သူ ဘယ်လို ဖြေရှင်းရမှန်းမသိ။ သူက အပိုင်ဆိုပြီး ပြောချလိုက်မှ မှားနေတော့ ဘယ်လိုဆက်ပြောရမှန်း မသိတော့။ ထို့ကြောင့် ရှူးချင်ယောင်ဆောင် ပြီး နားနှစ်ဖက်ပိတ်ကာ

"အို မသိဘူး၊ မသိဘူး၊ ကျွန်မက အဲဒီအချိန်မှာ မျက်စိမှိတ် ထားတာ၊ သူပေါ့လျော့တာပဲ သိတယ်၊ ဒါပဲ ဒါပဲ အားပလူး ပလူး၊ အတိတ်ကအကြောင်း ပြန်မတူးဆွနဲ့ မကြားချင်ဘူး၊ မကြားချင်ဘူး၊ အား ပလူး ပလူး"

တရားသူကြီးမှာလဲ သူဇာကိုကြည့်ပြီး ဘာပြောရမှန်းမသိ။ တိုက တကယ်ရှူးနေတာလား၊ ရှူးချင်ယောင်ဆောင်နေလားပင်မသိ။ ဒူးလေးနန့်ပြီး ခေါင်းပင်မော့ကာ တံတွေးကို ပူစီဖောင်းလုပ်၍ မှုတ် နေသေး၏။

တရားသူကြီး သက်ပြင်းချသည်။ ပြီးနောက် ဝကြီးဖက်လှည့် ကာ

"ခင်ဗျားကရော ကွာချင်စိတ်ရှိလား"

တရားသူကြီးအမေးကို ဝကြီးက ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်အဖေလဲမရှိနှင်လဲ
ကာရာအိုကေမှာ
သီချင်းသွားဆိုနေရလို့
နှင်တို့မိသားစုအိမ်မရှိယာမရှိလို့
ငါသနားပြီး ခေါ်တင်ထားတာ

---

"တရားသူကြီးဆိုရင်ရော ဒီမိန်းမမျိုး မကွာချင်ဘူးလား"

"ဟ ကွာမှာပေါ့။ ဒီသောက်ရူးမကို အဲလေ"

တရားသူကြီးပင် ယောင်ပြီး နှုတ်မှထွက်သွားသည်။ ဒါကို ဝကြီးက

"ကျွန်တော်လဲ ဒီအတိုင်းပေါ့ဗျ"

တရားသူကြီးက ဝကြီးကို မျက်နှာမဲ့၍ လက်မထောင်သည်။ လုပ်သင့်သည်ဆိုသည့်သဘော။

"ကဲ ဒါဆို နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးလို့ရပါပြီ၊ အဲ ဒါပေမယ့် အရှုပ်အရှင်းတွေ ရှင်းစရာရှိသေးလား"

တရားသူကြီးအမေးကို သူဇာက ရူးချင်ယောင်ဆောင်နေရာမှ ပြန်တည်ပြီး

"ဟုတ်ကဲ့ ရှိပါတယ်"

တရားသူကြီးက "ဒီကောင်မ ဘာသောက်ဖောင်းထုဦးမလဲ" ဆိုသောအကြည့်နှင့်ကြည့်၏။

"ဒီစာချုပ်မှာ လက်မှတ်ထိုးပြီးရင် ကျွန်မရဲ့ကလေးနှစ်ယောက်ကို သူ လုံးဝမပတ်သက်ဖို့ လုပ်ပေးပါ"

ဝကြီးတင်းသွားသည်။





"ဟ ဒါက နင်နဲ့ငါရထားတဲ့ သားသမီးပဲ၊ ငါလဲ ကြည့်ခွင့်ရှိတာပေါ့"

"အို ရှင် အဲဒီလိုကလေးအကြောင်းပြပြီး ကျွန်မဆီလာလာနေရင် ဘယ်လိုလုပ်မလဲ"

"ထွီ ရွံစရာတောင်ကောင်းသေး"

ဝကြီး တံတွေးပင်ထထွေးသည်။ ဒါကို တရားသူကြီးကလဲ လက်မထောင်ပြသည်။

သူဇာကပင်

"အဲဒါ ဒီစာချုပ်ချုပ်ပြီးတာနဲ့ သူကလေးနဲ့ ခပ်ဝေးဝေးမှာ နေဖို့ပါ ကတိပေး၊ နောက်ပြီး ကျွန်မတို့အိမ်ရိပ်တောင် မနင်းစေနဲ့"

သူဇာစကားကြောင့် ဝကြီးတင်းသွားကာ

"အောင်မာ အိမ်ရိပ်မနင်းနဲ့ဆိုရအောင် အဲဒီအိမ်က ဘယ်သူ့အိမ်လဲ၊ ငါ့အိမ်မှာနေပြီး ငါ့ကို အိမ်ရိပ်မနင်းစေနဲ့ဆိုပြီး လာလုပ်နေသေးတယ်၊ ဒီစာချုပ် လက်မှတ်ထိုးပြီးတာနဲ့ ဒီအိမ်က ဆင်းကြပေတော့၊ ကြိုက်ရာနေရာမှာ သွားနေ ဒါပဲ"

ထိုစကားလဲကြားရော သူဇာမျက်နှာကြီး ဖရိုဖရဲဖြစ်သွားသည်။ သို့သော် မာန်တင်းပြီး

"အိုး ဒါ ရှင့်အိမ်ဆိုပေမယ့် ရှင်နဲ့ကျွန်မနဲ့"

"ဘာတွေ ရှင်နဲ့ကျွန်မတွေ လုပ်နေတာလဲ၊ ဒီအိမ်က နင်နဲ့ငါ မညားခင်ကတည်းက ငါ့ဘာသာငါဝယ်ထားတာ၊ နင့်အဖေလဲမရှိ နင်လဲ ကာရာအိုကေမှာ သီချင်းသွားဆိုနေရလို့ နင်တို့မိသားစုအိမ်မရှိယာမရှိလို့ ငါသနားပြီး ခေါ်တင်ထားတာ"

ဝကြီး အထုပ်ဖြည်ပြီ။ သူကလဲ ကွာရှင်းရတော့မှာကိုး။ ဒါကြောင့် ရှိရှိသမျှ သူဇာတို့၏ဖောင်းကွက်တွေဖော်နေခြင်းဖြစ်၏။ ဒါကို သူဇာမှ မျက်နှာအပျက်ပျက်အယွင်းယွင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



"သိဘူး သိဘူး၊ ကာရာအိုကေဆိုတာတွေ မေ့ကုန်ပြီ၊ အတိတ်ကို လာပြန်မတူးဆွနဲ့၊ အခုကိစ္စ အခုရှင်း ဒါပဲ"

"အခုကိစ္စ အခုရှင်းဆို နင်နဲ့ငါနဲ့ ကွာရှင်းလက်မှတ်ထိုးပြီး ငါ့အိမ်ပေါ်ကဆင်း၊ ဒါပဲ"

သူဇာ ဂယောင်ဂလယ်နှင့် သက်ပြင်းချပြန်သည်။

"ကိုဝကြီးရယ်၊ လင်မယားချင်း ကွာရှင်းပြီးလဲ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ ရှင်က ရှင့်အိမ်မှာ ပေးမနေတော့ရင် ရှင်နဲ့ကျွန်မနဲ့ ရထားတဲ့ သမီးနဲ့သား လမ်းဘေးရောက်ကုန်မှာပေါ့"

"ခုနက နင်ပြောတော့ ငါနဲ့မတူဘူးဆို၊ ငါ့ကလေးမဟုတ်ရင် ငါ ဘာသောက်ဂရုစိုက်ရမှာလဲ"

"မျက်စိမှိတ်ထားလို့ပါဆို၊ အဲလေ၊ ရှင်သာ ဖခင်ရင်းဆိုတဲ့ စိတ်ရှိရင် ကိုယ့်သားသမီးကို ဒီလိုလမ်းဘေးရောက်သွားမှာကို ဘယ်လို မှကြည့်ရက်မှာမဟုတ်ဘူး"

"အေး အဲဒီကလေးတွေ လမ်းဘေးရောက်အောင် နင်တို့ လုပ်နေတာ၊ နင်တို့လုပ်နေတာ၊ ပြောတော့ မျက်စိမှိတ်ထားလို့ဆို"

"ရှင်တော့ မျက်စိဖွင့်ထားတယ်မဟုတ်လား"

"အေး မှောင်နေလို့ ငါလဲ ရေးတေးတေးပဲ၊ အဲ ယောင်တောင်ယောင်ကုန်ပြီ"

"ကဲ တော်ကြပါတော့"

တရားသူကြီးက ဝင်တားလိုက်ရသည်။ နောက်မှ နှစ်ဦးလုံး ဖက်လှည့်ကြည့်ပြီး

"ကဲ တခြားရော ပြောစရာရှိသေးလား"

တရားသူကြီးအမေးကို ဝကြီးက ရင်ကော့ပြီး

"ရှိပါတယ်၊ ရှိပါတယ်၊ မေးစရာရှိပါတယ်"

တရားသူကြီးက ဝကြီးဖက်လှည့်ကာ





"ကဲ မေး"

ဝကြီး နေရာပြင်လိုက်ပြီး

"နင်ငါ့ကို ကွာရှင်းခွင့်တောင်းတုန်းက တန်ရာတန်ကြေးပေးပြီး ကွာမယ်ဆို၊ ကဲ အဲဒါပေး"

သူဇာ မျက်လုံးကို ဟှာကလယ်ဟှာကလယ်လုပ်လိုက်သည်။ ပြီးမှ

"အဲဒါတွေက ပေးပြီးပြီလေ ကိုဝကြီးရဲ့"

"ဘာ"

ဝကြီး ထအော်သည်။ ဒါကို သူဇာက ပြုံးပြီး

"ပြန်စဉ်းစားကြည့်ပါကိုဝကြီး၊ ဗုဒ္ဓဘာသာအယူအဆမှာ ဒါန သာ ကိုယ့်နောက်ပါတာလေ၊ ကျွန်မတို့မိသားစုက ရှင့်ကို ဒါနတွေ အများကြီးပေးခဲ့ပြီးပြီ၊ ရှင်ကျွေးသမျှ စားနေတာ ကျွန်မတို့မိသားစု စားချင်လို့စားနေတာ မဟုတ်ဘူး၊ ရှင့်ကို ကုသိုလ်ရစေချင်တဲ့ဆန္ဒနဲ့ ကျွန်မတို့ပါရမီဖြည့်ပြီး မျက်ရည်တဝိုင်းဝိုင်းနဲ့ စားပေးနေရတာပါ။ ဒါမှ ဒါတွေက သေရင်ရှင့်နောက်ပါမှာလေ မဟုတ်ဘူးလား၊ နောက်ပြီး ကျွန်မအမေက ရှင့်ကို ဒါနသာမက ဘာဝနာပါ အပြည့်ပေးလို့ ရှင်တောင်တောသေးသေး ထွက်ခဲ့မိတယ်မဟုတ်လား"

"ဘာတောသေးထွက်တာလဲ၊ ငါ့ဘာသာငါ ချုံဘေးသေးဝင်ပေါက်တာ၊ တောထွက်တာမဟုတ်ဘူး၊ ချုံတိုးတာ"

သူဇာ သက်ပြင်းချပြီး

"ရှင်ကလဲ ဒါကလဲ ရှင်နောင်ဘဝမှာပါမယ့် ကုသိုလ်တွေပဲ မဟုတ်လား၊ တောပဲထွက်ထွက် ချုံပဲတိုးတိုး ရှင်ခဏတော့ ပေါ့သွားတာပဲမဟုတ်လား၊ ဒါ ရှင်ပြုခဲ့သမျှ ကျွန်မတို့ပါရမီဖြည့်ခဲ့တဲ့ ကုသိုလ် တန်ခိုးတွေပေါ့ရှင်"

ဝကြီးမျက်ရည်ပင် ဝိုင်းသွားသည်။ စိတ်ထဲတွင်လဲ



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ငါ သူတော်စင်မိသားစုနဲ့ ကြုံခဲ့ရတာပဲ၊ သူတို့ခမျာ ငါ့ကို ဒါနပါရမီဖြည့်ပေးချင်လို့ စားနေဝါးနေကြတာပဲ"

ဟု စိတ်ထဲအောက်မေ့မိပြီး ကျေးဇူးတောင်တင်နေမိတော့၏။ သူဇာက ဝကြီးမျက်နှာကိုကြည့်ပြီး

"ကဲ ကိစ္စပြတ်ပြီဆိုလဲ ရှင်နဲ့ကျွန်မ ကွာရှင်းစာချုပ်မှာ လက်မှတ်လေး ထိုးလိုက်ကြရအောင်"

ဝကြီး ဘာစကားမှမထွက်တော့။ ဖြစ်ချင်ရာဖြစ်ဆိုသောစိတ်နှင့်သာ ကြိတ်၍ငြိမ်နေလိုက်သည်။

တရားသူကြီးကသာ နှစ်ယောက်လုံးကိုကြည့်ပြီး

"သေချာပြီနော်"

"ကျွန်မတစ်ခွန်းပြော၊ ပြီး"

ဝကြီး ဘာမှမပြောတော့။ ဆဲဖို့တောင်အင်အားမရှိတော့၊ ရှေ့ရေးကို ရင်လေးနေသည်။

"ကဲ ဒါဖြင့် လက်မှတ်ထိုးလို့ရပါပြီ"

တရားသူကြီးက ကွာရှင်းစာချုပ်ကို ထိုးပေး၏။ သူဇာက ဝမ်းသာအားရဖြင့်

"ပေး ပေး ကျွန်မအရင်ထိုးမယ်"

ဆိုကာ လက်မှတ်ကို တံမြက်စည်းနဲ့ ရိုက်ထည့်လိုက်သလို အလျှင်အမြန်ထိုးလိုက်သည်။ ဝကြီးက ကွာရှင်းစာချုပ်ကိုကြည့်သည်။ နောက် သက်ပြင်းကိုချပြီး သူဇာကို စောင်းငဲ့ကြည့်ကာ

"နင်သေချာပြီလား"

သူဇာက သူ၏လက်မှတ်ကိုထိုးပြကာ

"အဲဒါ ကျွန်မလက်မှတ်အစစ်"

ဝကြီး ဘာမှမပြောတော့။ စာချုပ်ပေါ် လက်မှတ်ထိုးပေးလိုက်သည်။





ဝကြီးလဲ လက်မှတ်ထိုးပြီးရော သူဇာက ဘာမပြောညာမပြောနှင့် ထိုစာချုပ်ကို ဆွဲယူကာ အင်မတန်ဆတ်ဆလူးထသော ဘဲမသဏ္ဌာန်နှင့် အပြင်သို့ပြေးထွက်သွားသည်။ အပြင်မှာ သူ့ကိုစောင့်ကြည့်နေသော လူများကို လက်ထဲမှ ကွာရှင်းစာချုပ်အား လွတ်လပ်ရေးစာချုပ်သဖွယ် ကိုင်မြှောက်ပြလိုက်သည်။

"ဟေး"

အောက်မှာစောင့်နေသော လွန်းဌေးဌေးတို့၏ ဝမ်းသာအားရအော်သံ။ နောက် ဆူညံလာသော အိုးစည်ဗုံမောင်းသံ။

"မွေးမေမေဆူလို့ဆဲလဲ ရင်ကွဲအောင်လို့ ကရအောင်နော် မွေးမေမေဆူလို့ဆဲလဲ ရင်ကွဲအောင်လို့ ကရအောင်နော်"

ဝကြီးတစ်ယောက် ခေါင်းငိုက်စိုက်သာ ချထားလိုက်မိသည်။

သူဇာတို့အဖွဲ့ကတော့ စာချုပ်ကိုင်ကာ အိုးစည်ဗုံမောင်းအဖွဲ့များနှင့် ပျော်ရွှင်စွာ ဖိုင့်ဖိုင့်ကြီးကပြပြီး ရပ်ကွက်ထဲပြန်ဝင်သွားလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဝကြီးတစ်ယောက် နေရထိုင်ရတာ တစ်မျိုးကြီးဖြစ်နေ၏။

ယခုအချိန်မှစ၍ သူ၏အိမ်ကိုလဲ သူမပိုင်တော့။ သူငယ်ချင်းမျိုးမြင့်ထွန်းအိမ်၌ ကပ်နေရသည်။

အလုပ်က ပုံမှန်ရှိပြီး ဝင်ငွေပုံမှန်ရနေသော်လည်း ဖြုန်းမည့်သူ မရှိတော့ စိတ်ထဲတစ်မျိုး။

ပိုဆိုးသည်က ခါတိုင်းနံနက်ခင်း၌ သမီးနှင့်သားကို လက်ဆွဲပြီး လက်ဖက်ရည်ဆိုင်သွားနေကျ။ ယခုတော့ ကလေးများနှင့် မတွေ့ရတော့ ဘာမှလုပ်ချင်စိတ်မရှိ။ စားချင်စိတ်လည်း မရှိ။ ကလေးများနှင့် နေ့စဉ်လက်ဖက်ရည်ဆိုင်ကို သွားချိန်တော့လွမ်းသည်။

ကလေးများနှင့်အတူနေစဉ်ကာလများ၌လဲ ထိုလက်ဖက်





ရည်ဆိုင်သွားချိန်တစ်ချိန်၌သာ ကောင်းမွန်စွာ ဆုံခဲ့ကြသည်မဟုတ်သား။ ကျန်သည့်အချိန်များ၌ အလုပ်သွားနေသည်မို့ သိပ်မတွေ့ဖြစ်၊ ရုံမှန်ရုံခါ အလုပ်မှနောက်ကျပြီး ပြန်ချိန်များ၌လဲ သားနှင့်သမီးကို ကောင်းမွန်စွာဆုံချိန်မရှိ။ ထို့ကြောင့် နေ့စဉ်မပျက်မကွက် တွေ့ဆုံနေကျဖြစ်သော နံနက်ခင်းလက်ဖက်ရည်သောက်ချိန်ကိုတော့ သားနှင့်သမီးကို လွမ်းမိသည်။

"သူတို့ဘယ်လိုနေလဲ၊ မနက်စာရော စားရရဲ့လား"

ဆိုသောစိတ်ဖြင့် တထိတ်ထိတ်ဖြစ်နေမိသည်။ သားနှင့်သမီးကို သွားခေါ်ချင်သော်လည်း သူဇာတို့တစ်သိုက်ကို မြင်နေတွေ့နေရမှာမို့ စိတ်ဆင်းရဲမိသည်။ သို့သော်

"ကလေးတွေ ဒီအချိန် လက်ဖက်ရည်သောက် မုန့်စားနေကျမို့ ဆာနေမလားပဲ"

ဆိုသောစိတ်က တွန်းကန်ပြန်သည်။ နောက်ဆုံးတော့

"ဘာဖြစ်လဲကွာ၊ ကိုယ့်ကလေးကိုယ် မုန့်ကျွေးတာပဲ ဘာအပြစ်ရှိလို့လဲ"

ဆိုသောစိတ်နှင့် ကလေးများရှိရာ နေအိမ်သို့ ထထွက်လိုက်မိသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဝကြီး၊ သူဇာနှင့်အတူ သားသမီးများ ကျန်ရစ်ခဲ့သော သူ့အိမ်ဆီ ကုတ်ချောင်းချောင်းနှင့် ပြန်ကပ်လာရသည်။ ဘယ်သူမှ မမြင်နိုင်သော အိမ်ထောင့်မှနေ၍

"သားရေ သမီးရေ ဘယ်မှာလဲ"

သူ့ခေါ်သံမဆုံးလိုက်။

"ဟဲ့ ဘယ်ကခွေးဟောင်နေတာလဲ ရေနွေးနဲ့ပက်စမ်း"

လွန်းငွေငွေ၏အော်သံ။ ဝကြီးတင်းသွားသည်။ ထို့ကြောင့် ခါးကိုပြန်မတ်ပြီး

"ဟိတ် ဟိုကောင်မ ငါ့သားနဲ့သမီးကို လက်ဖက်ရည်ဆိုင်သွားဖို့ လာခေါ်တာ ဘာဖြစ်လဲ"





"ဖေဖေကြီး"

သူ့အသံကြားတော့ သားနှင့်သမီး ပြေးထွက်လာသည်။ သို့သော် အပေါက်ဝမရောက်။ သူတို့၏ မာတာမိခင်ကြီးက အပေါက်ဝမှနေ၍ ကုတ်မှဆီးဖမ်းသည်။

"နေကြစမ်း"

ဝကြီးက သားနှင့်သမီးကိုမြင်တော့ ဝမ်းသာသွားသည်။

"သား သမီး ထမင်းစားပြီးပြီလား"

ကလေးများက ခေါင်းခါပြသည်။ ဒါကို သူဇာက ခပ်မာမာဖြင့်

"ဒီမှာ ကိုဝကြီး"

ဝကြီး သူဇာကို မော့ကြည့်မိသည်။

"ရှင့်ကို ကျွန်မ အိမ်ရိပ်တောင်မနင်းနဲ့လို့ ပြောထားတာ မမှတ်မိဘူးလား"

ဝကြီး အိမ်ရိပ်နင်းမိမည်စိုး၍ နောက်ဆုတ်သည်။ ပြီးမှ

"ငါက ကလေးတွေဝိုက်ဆာနေမှာစိုးလို့"

"မလိုပါဘူး"

သူဇာက မာသည်။

"ကျွန်မကလေးတွေကို ကျွန်မကျွေးနိုင်တယ်၊ ရှင် ဘာမှ ပတ်သက်စရာမလိုဘူး"

သူ့စကားကို အိမ်ထဲမှ လွန်းငွေငွေက

"လာပြန်မျှော်တာလေ၊ ကလေးအကြောင်းပြပြီးတော့"

"တောက်"

ဝကြီးတင်းသွားသည်။ အမှန် သူတို့မျက်ခွက်မြင်ချင်လို့ လာသည်မဟုတ်။ ကလေးတွေ သူတို့လို ဂယောင်တွေကြား ဒုက္ခရောက်၊ ထမင်းငတ်နေမှာစိုး၍ လာကြည့်ခြင်းဖြစ်သည်။ ယခု သူတို့ကျွေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုတော့လဲ

ဝကြီး သက်ပြင်းချလိုက်သည်။

"အေးလေ နင်တို့ကျွေးနိုင်တယ်ဆိုလဲ ပြီးတာပဲ၊ ကဲ သားနဲ့ သမီး တာ့တာ"

"ဖေဖေ"

"ဖေဖေ"

ကလေးများခေါ်သံ။ ဝကြီးလှည့်မကြည့်တော့။

× × ×





ဝကြီး ခေါင်းငိုက်စိုက်ချ၍သာ ပြန်လာရသည်။ စိတ်ထဲမှာ တော့မကောင်း။ ခါတိုင်းဆိုလျှင် သည်လိုနံနက်ခင်းဆို ကလေးနှစ်ယောက်လက်ဆွဲ၍ ဆိုင်တစ်ဆိုင်ဆိုင် သွားနေကျမဟုတ်လား။ ယခု ကလေးများမပါတော့ စိတ်ထဲမှာ ဟာတာတာ။

သို့သော် ဘာမှမတတ်နိုင်။ သူတို့ဒုက္ခနှင့်သူပင်။ သို့သော် အရွယ်မတိုင်ခင် ဝင့်ခံရတာတော့ သနားစရာ။

ဝကြီး သက်ပြင်းချမိသည်။ ထိုစဉ်မှာပင်

"တီတီတီ တီတီတီ"

တယ်လီဖုန်းမြည်သံ။

"ဘယ်သူ့ဆီကပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ဝကြီး တယ်လီဖုန်းကို ထုတ်ကြည့်လိုက်သည်။

"ဟင်"

သူဇာ့ထံမှ ဖုန်း။ အိမ်ဖုန်း။

"ဒီကောင်မ ဘာသောက်ဖောင်းထုမလို့လဲ မသိဘူး"

ဆိုကာ ဖုန်းမကိုင်ဘဲနေသေး၏။ နောက်မှ

"ကလေးတွေများ တစ်ခုခုဖြစ်လို့လား"

ဆိုသည့်အတွေးနှင့် ဖုန်းကိုင်လိုက်ရသည်။

"ဟဲလို"

"ဒီမှာ ကိုဝကြီး ရှင်ဘယ်ရောက်နေတာလဲ"

သူဇာ၏အသံ။

"ငါ့ဘာသာငါ ဘယ်ရောက်ရောက်ပေါ့၊ နင့်သောက်လုပ်လား၊ ဘာလဲပြော"

"ရှင့်သားနဲ့သမီးကို ရှင် လက်ဖက်ရည်ဆိုင်ခေါ်သွားမယ်ဆိုပြီး ဘယ်ရောက်သွားတာလဲ"

"ဟင် နင်တို့ပဲ ကိုယ့်သားသမီးကိုယ် ကျွေးနိုင်တယ်ဆို၊ အဲဒါကြောင့် ငါပြန်သွားတာ"

"ရှင်ကလဲ ကိုယ့်သားသမီးကို ဒီလောက်တောင် စေတနာမရှိဘူးလား၊ ရှင် သူတို့အဖေရင်းမဟုတ်တာ ကျနေတာပဲ"

"အဲဒါ နင်ပဲသိမှာပေါ့"

"မျက်လုံးမှိတ်ထားလို့ပါဆို၊ အဲ အခု ကလေးတွေဗိုက်ဆာနေပြီ၊ အမြန်လာခေါ် ဒါပဲ"

ဝကြီးမှာ ဘာမှမတတ်နိုင်။ ကလေးတွေ သနားစိတ်ဖြင့်ပင် ခြေလှမ်းကို အနောက်ပြန်လှည့်ရသည်။

ဟိုရောက်တော့ ကလေးတွေခမျာ သနားစရာ။ မနက်ကတည်းက ဘာမှမစားရသေးပါဘဲ ငိုမဲ့မဲ့ပင်ဖြစ်နေ၏။





ဝကြီး သားနှင့်သမီးကို အိမ်မှခေါ်ပြီး လက်ဖက်ရည်ဆိုင်တွင် မုန့်များ အဝကျွေးလိုက်သည်။ သူတို့ခမျာ မနေ့ညနေကတည်းက ဘာမှမစားထားရ၍လားမသိ။ အတော်များများပင် စားသွား၏။ အငယ်ကောင် ဗလရှင်မှာ အစာကို နင်ပင်နင်နေသေး၏။

အိမ်ကိုပြန်ပို့တော့ သူဇာနှင့်လွန်းဌေးဌေးမှာ ပလာတာ၊ ခါများ၊ ပါပလာ စသည်များနှင့် ယိုးဒယားဒူးရင်းသီးနှစ်လုံးကို အလည်မှာချ၍ ဒူးပေါ်ပေါင်ပေါ်ဖြင့် လက်နှင့် ပယ်ပယ်နယ်နယ် နှိုက်ပြီး စားနေကြ၏။

ဝကြီးနှင့်ကလေးများကိုမြင်တော့ သူဇာက ဒူးရင်းသီးစေ့ကို ခါ အမြန်မျိုချပြီး

"ဒီမှာ ကိုဝကြီး၊ နောက်နေ့တွေမှာလဲ ကလေးတွေကို မနက်စာခေါ်ကျွေးဖို့ ကျွန်မခွင့်ပြုလိုက်မယ် ဒါပဲ"

ဝကြီး ဘာမှမပြောသာ။ သူခေါ်မကျွေးလျှင် ကလေးတွေ ငတ်သွားမည်ကို စိုးရသည်မဟုတ်လား။ မည်သူမှ ကိုယ့်ရင်သွေးကို အငတ်ထားနိုင်မည်မဟုတ်။ ထို့ကြောင့် စိတ်ကိုသာ လျှော့ထားလိုက်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ ကလေးများကို နံနက်စာကျွေးခြင်းအလုပ်က ဝကြီးအလုပ် ပြန်ဖြစ်သွား၏။ ဝကြီးအနေနှင့်လဲ အများကြီးနေသာထိုင်သာရှိသွားသည်။ ကလေးများနှင့် တစ်နေကုန်မမြင်ရသော်လည်း မနက်ခင်း၌ ကလေးများကို မြင်နေရတာက စိတ်ချမ်းသာရသေး၏။

ကလေးများကလဲ ဒီတစ်နပ်စားပြီးနောက်ပိုင်း မသေချာတော့၍ နံနက်ခင်း၌တော့ အပီတွယ်ကြ၏။ မည်သို့ပင်ဆိုစေ၊ ကျွေးမွေးနိုင်သောမိဘက သားသမီးစားနိုင်နေခြင်းကိုပင် ပီတိဖြစ်ကြသည် မဟုတ်ပါလား။ ဒါကလဲ ဖခင်တစ်ယောက်အတွက် ကြည်နူးစေခြင်းတစ်မျိုးပင်။

သို့သော် သိပ်မကြည်နူးလိုက်ရပါ။





တစ်ခုသော နံနက်ခင်းတစ်ခုမှာတော့

ဝကြီးနှင့်ကလေးနှစ်ဦး နံနက်စာလွေးနေချိန်။ လက်ဖက်ရည်ဆိုင်ကလဲ လူစည်ကားချိန်၌ဖြစ်သည်။

"ဒီမှာကိုဝကြီး"

"ဒီမှာ ကိုဝကြီး"

ခေါ်သံကြား၍ ကြည့်လိုက်တော့ ကလေးအမေ သူဇာကြီးနှင့် သူ့အစ်မ လွန်းငွေငွေ လက်ဖက်ရည်ဆိုင်ပေါက်ဝမှ အသံကျယ်ကျယ်နှင့် အော်ခေါ်ခြင်းဖြစ်၏။

"ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

"ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

သူဇာကြီးအော်သံကို ဂယောင်လွန်းငွေငွေက သံယောင်လိုက်သည်။

ဆိုင်ပေါက်ဝမှ အော်သံကြောင့် စားသောက်သူအားလုံး ဝေ့ကြည့်ကြသည်။ ဝကြီးက ထမင်းကြော်စားလျက်တန်းလန်းကြီးဖြင့် အမြန်မျိုချလိုက်ရပြီး

"ဘာလုပ်ရမှာလဲ၊ ဒီမှာ ကလေးတွေကို မုန့်ကျွေးနေတယ် မတွေ့ဘူးလား"

သူ့စကားကို သူဇာက ဗိုက်တွဲတွဲပေါ် လက်ထောက်ပြီး

"ဒီမှာ ကလေးတွေကိုမွေးထားပြီး နံနက်စာကျွေးရုံနဲ့ ဖခင်တာဝန်ကျေပြီမထင်နဲ့"

"ဒီမှာ ကလေးတွေကိုမွေးထားပြီး နံနက်စာကျွေးရုံနဲ့ ဖခင်တာဝန်ကျေပြီမထင်နဲ့"

သူဇာစကားကြောင့် ဝကြီးအံ့အားသင့်သွားသည်။ သူဇာက ဆက်၍

"ကလေးနှစ်ယောက်ရဲ့ တစ်နေ့ဝေယျာဝိစ္စနဲ့ ကုန်ကျစရိတ်



www.burmeseclassic.com

www.burmeseclassic.com



သူဇာတို့ အမွှေးမြန်ကြောင်းလဲ
သူယခုမှသိရသည်။ လက်မှတ်
မထိုးရခင်အချိန်ထိတော့
ဂျပန်မှပြန်ပါလာသော ငွေယားလေးနှင့်
ဝင့်နေတာ။ ယခုတော့ အလျှင်အမြန်ပင်
ကုန်သွားပြီထင်သည်။

---

က နည်းတာမဟုတ်ဘူး၊ ရှင်မသိဘူးလား"

သူဇာက ဆိုင်ပေါက်ဝမှ ကုန်းအော်သည်။ သူ့နည်းတူစွာ လွှန်းဌေးဌေးကလဲ ပိုကျယ်လောင်သောအသံဖြင့်

"ကလေးနှစ်ယောက်ရဲ့ တစ်နေ့ဝေယျာဝစ္စနဲ့ ကုန်ကျစရိတ်က နည်းတာမဟုတ်ဘူး၊ နင်မသိဘူးလား"

ဝကြီးလဲ စိတ်ညစ်သွားပြီး

"အေး အဲဒါတွေ နင်ဂျပန်သွားနေတုန်းက နင့်အစ်မ ဂ ယောင်ကြီး NGO ထဲသွားဝင်ယောင်နေကတည်းက ငါတစ်ယောက်တည်းလုပ်နေကျ၊ အခုမှ ဘာလာပြောနေတာလဲ"

ဝကြီးစကားကြားတော့ သူဇာ အသံထပ်မြှင့်လိုက်ကာ

"အတိတ်အကြောင်းတွေ ဘာမှလာပြောမနေနဲ့၊ တစ်နေ့တစ်နေ့ ကလေးတွေအတွက် ဈေးဖိုးဘယ်လောက်ကုန်လဲ ရှင်သိလား"

"အတိတ်အကြောင်းတွေ ဘာမှလာမပြောနဲ့"

"တော်စမ်းပါဘုတ်ကြီးရာ၊ ဒီမှာ ဖီးထည့်ပြောနေတာ၊ လိုက်မယောင်နဲ့"

"နင်ပဲ လိုက်အော်ပေးဆို"





"တော် ရပြီ"

သူတို့စကားကို ဝကြီးကလဲ

"အဲဒါ နင်တာဝန်ယူမယ်ဆိုပြီး ပြောခဲ့တယ်မဟုတ်လား"

"အဲဒါ ရှင့်ကလေးတွေမဟုတ်လား"

"ဟုတ်တယ်ထင်လို့ ငါမုန့်ကျွေးနေတာပေါ့"

"အေး အဲဒါဆို ဖခင်ပီသစွာ ရှင်အိမ်စရိတ်ပေးလေ"

"ဘာ"

ဝကြီး ခုန်ထမတတ်ဖြစ်သွားသည်။ နောက်မှ သတိရပြီး

"ဟင် နင်နဲ့ငါ ကွာရှင်းပြီးပြီလေ၊ ကလေးတွေကိစ္စ နင်တာဝန်ယူတယ်ဆိုပြီး ပြောထား စာချုပ်ချုပ်ထားပြီး"

"စာချုပ်က စာချုပ်ပဲရှင့်၊ လူမှုရေးက လူမှုရေး၊ ဘယ့်နှယ်ရှင် ကလေးကိုမွေးထားပြီး သူမို့မကျွေးဘဲ နေရက်တယ်၊ ဒါလား အဖေဆိုတာ"

သူဇာစကားကြောင့် လက်ဖက်ရည်ဆိုင်မှလူများ ဝကြီးကို ကွက်ကြည့်ကွက်ကြည့် ဖြစ်ကုန်၏။ အကြောင်းမသိသောသူများက ဝကြီးကို အပြစ်တင်သလို ကြည့်ကြသည်။ ကြာတော့ ဝကြီးလဲ ရှက်လာပြီး

"ကဲ အဲဒီတော့ ငါဘာလုပ်ရမလဲ ပြော"

"ပေး ဈေးဖိုးသုံးထောင်"

"ဟင်"

ဆိုင်ပေါက်ဝမှ လက်ဖြန့်ပြီး ခပ်တည်တည်တောင်းနေ၍ ဝကြီးမှာ ကြောင်ကရော့ဖြစ်နေမိ၏။ သူမိန်းမ ဤမျှ မျက်နှာပြောင်ကြောင်း ဒီလောက်မသိခဲ့။

"ဟင် နင်နဲ့ငါ ကွာရှင်းထားပြီးပြီလေ၊ ဘာလို့ဈေးဖိုးပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူဇာက မျက်နှာချိုပြီး

"ဒါ ကျွန်မတို့အတွက် ကောင်းတာမဟုတ်ဘူး၊ ရှင့်ကလေးတွေအတွက်ကောင်းတာ"

သူဇာတို့ အမွဲမြန်ကြောင်းလဲ သူယခုမှသိရသည်။ လက်မှတ်မထိုးရခင်အချိန်ထိတော့ ဂျပန်မှပြန်ပါလာသော ငွေယားလေးနှင့်ဝင့်နေတာ။ ယခုတော့ အလျှင်အမြန်ပင် ကုန်သွားပြီထင်သည်။ ပေါ်တင်ပင် လာတောင်းနေပြီ။ ထို့ကြောင့် ဝကြီးလဲ မျက်နှာပြောင်တိုက်ပြီး

"အေး အေး ဒါဆိုလဲ ကလေးတွေအိမ်ပြန်ရင် ကလေးတွေနဲ့ငါ ထည့်ပေးလိုက်မယ်"

"ဟင်"

ဝကြီးစကားကြောင့် သူဇာနှင့်လွန်းငွေငွေ မျက်နှာကြီးအရွဲ့ရွဲ့အစောင်းစောင်း ဖြစ်သွား၏။ သူတို့ထင်ထားတာက တစ်မျိုးကိုး။ ဝကြီးဆီမှငွေကို လူရှေ့တောင်းပြီး ရလျှင်ဈေးတွင် မုန့်တွေပလုပ်ပလောင်းလွေးဖို့ကိုး။ ယခုဖြစ်နေတာကတစ်မျိုး။ ထို့ကြောင့်မျက်နှာပျက်ကြီးနှင့်ပင်

"ကလေးတွေကို ပေးလို့ဖြစ်မလား၊ ကလေးတွေက"

"အေး နင်ပဲပြောတယ်လေ၊ ကလေးတွေအတွက်ဆို ကလေးတွေအတွက် ကလေးတွေကြိုက်တာ ဝယ်စားပါစေ၊ သူတို့လိုသမျှ ပိုက်ဆံငါထည့်ပေးလိုက်မယ်၊ ကဲ သွား သွား"

သူဇာတို့ညီအစ်မမျက်နှာ ဖရိုဖရဲဖြစ်နေသည်။ နောက်မှ

"မဟုတ်ဘူးလေ၊ ကလေးတွေက မတည့်တာတွေ ဝယ်စားရင်"

"ငါကိုယ်တိုင်လာဝယ်ကျွေးမယ်၊ ဒါပဲ၊ အားလုံးတည့်စေရမယ်"





သူဇာနှင့်လွန်းငွေငွေ မရှိသောမျက်စိနှင့် ဒဲ့ကြည့်ကြသည်။ နောက်မှ လွန်းငွေငွေက သူ့မျက်နှာမွဲကြီးကို အိုချလိုက်ပြီး

"ဒါဆိုလဲ ပဲအီကြာလေးတစ်ပွဲလောက်"

လွန်းငွေငွေစကားကို ဝကြီး လက်ကာပြပြီး

"မရဘူး၊ နင်တို့နဲ့ငါနဲ့ ဘာမှမဆိုင်ဘူး၊ ဟိုကောင်မနဲ့ငါ ကွာရှင်းပြီးသား၊ လစ်ချင်ရာသာလစ်"

သူဇာနှင့်လွန်းငွေငွေမှာ ပဲအီကြာဝန်းကြီးကြည့်လိုက်၊ ဆိုင်ထဲစားနေသူများကြည့်လိုက်နှင့် အလကားရသောတံတွေးမြိုချပြီး တစ်ယောက်ကိုတစ်ယောက် လက်တို့ရင်း

"လာပါ၊ အိမ်မှာ ပေါင်စရာထဘီ ရှိပါသေးတယ်"

ဆိုကာ လက်ပြင်ကိုဖြတ်၊ ခါးကိုကိုင်းပြီးပြန်သွားကြလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



မယ်ဗလနှင့်ဗလရှင် အိမ်ထဲဝင်လာသည်နှင့် သူဇာမှာ ဟန်ပင်မဆောင်နိုင်ဘဲ ပြေးချလာ၏။ နောက် အလောတကြီးဖြင့် ကလေးခန္ဓာကိုယ်နှင့်အိတ်များကို စမ်းကာ

"ပါလာလား ပါလာလား"

သူ့အမေးကို မယ်ဗလက

"မပါလာဘူး၊ အိမ်ရောက်မှပါမှာ"

သူဇာတင်းသွားသည်။

"ဟဲ့ နင့်ကို အင်အင်းပါဖို့ပြောတာ မဟုတ်ဘူး၊ နင့်အဖေနင်တို့ကို ဈေးဖိုးပေးလိုက်မယ်ဆို ပါလာလားလို့"

မယ်ဗလက မော့ကြည့်ပြီး





"မပါလာဘူး၊ နေ့ခင်းကျမှ ထမင်းသူလာကျွေးမယ်တဲ့"

"ဘာ ဘာ"

သူဇာ ပျော့ကျသွားသည်။ ယခုလဲ သူထင်သလို ဖြစ်မလာ၍ ဘာလုပ်ရမှန်းမသိ။ ဒီကြားထဲ အစာမစားရသည့် မားသားဘုတ်တလဲ အိမ်ကပြင်မှာ အစာမစားရသော ဝက်ကြီးလို

"သူဇာရေ့ အောင်မလေး စားစရာတွေမရှိဘူးလား၊ ငါ ငါ သေတော့မယ်"

ထိုစကားကြားတော့ သူဇာ ပိုတုန်တက်သွားပြီး

"တော်စမ်းပါ၊ ဒီမှာအပိုင်ပဲဆိုပြီး ဝမ်းနှုတ်ထားတဲ့သူ ဘယ်လောက်ခံစားရမလဲ စဉ်းစားကြည့်"

သူတို့ ဘာမှမတတ်နိုင်တော့။ ဝကြီး ထပ်လာမည့်နေ့လည်ကို စောင့်ရန်သာရှိတော့၏။

"တောက် နေ့လည်လာမှ သူဇာအကြောင်း ပြရသေးတာပေါ့"

သူဇာ၏ကြိမ်းဝါးသံ။ ယခုတော့ ကြိမ်းဝါးရုံသာ တတ်နိုင်တော့သည်။ အိမ်ကပြင်မှ လှိမ့်နေသော မားသားဘုတ်ကြီးကတော့

"ဟယ် ဟိုမှာ အီကြာကွေးဖောင်ကြီး မျောလာပြီ၊ ဟယ် လမုန့်လမင်းကြီးလဲ သာလိုက်တာ၊ မုန့်လက်ဆောင်းမြစ်ကြီး၊ မုန့်လက်ဆောင်းမြစ်ကြီး"

စသည်ဖြင့် စားရမဲ့သောက်ရမဲ့ ဖြစ်ပြီး ကယောင်ကတမ်းတွေ မြင်နေလေတော့၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



နေကားမမြင့်သေး။ အချိန်က ဆရာတော်များ နေ့ဆွမ်းဘုန်းသောအချိန်လောက်ပင် ဖြစ်လိမ့်မည်။ ထိုအချိန်ခန့်မှာပင်

"ဟေ့ သားတို့သမီးတို့ရေ ထမင်းသွားစားကြမယ်ဟေ့"

ထိုသို့ ဝကြီးအော်သံကြားတော့ ကလေးငယ်များ၏

"ဟေး ဖေဖေကြီးလာပြီဟေ့"

"စားရတော့မယ် စားရတော့မယ်"

ဟူသော ပျော်ရွှင်စွာအော်သံကြားရသည်။ ဒါကို ဝကြီးက

"သားတို့ သမီးတို့ ဆာကြပြီလား"

"ဟုတ်ကဲ့ ဖေဖေ"

"အေး ဒါဖြင့် ဒန်ပေါက်တဝဝါးပြီး ရွှေပုစွန်မှာ ရေခဲမုန့်

စိုး : မိုး : ၈၁၆ပ



သွားကြိတ်မယ်"

"ဟေး ကြိတ်မယ်ဟေ့"

ကလေးများ၏ ဝမ်းသာအားရအော်သံ။ ထိုစဉ်မှာပင် အိမ်ပေါက်ဝမှ

"ဒီမှာ ကိုဝကြီး"

ကြည့်လိုက်တော့ အတင်းမျက်နှာမာထားရသောသူဇာ၊ အနောက်က မျက်နှာပင်မမာနိုင်တော့ဘဲ ကုပ်ချိချိရပ်နေသော လွန်းငွေငွေ။ လက်ပြင်ကြီးချပြီး ကွနေ၏။

"ရှင်နဲ့အတူ သားနဲ့သမီးကို ထည့်ပေးလိုက်ရမှာ ကျွန်မ စိတ်မချဘူး"

ဝကြီး မျက်မှောင်ကြုတ်သွားသည်။

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ အခု လမ်းမှာ ကားတွေက အရမ်းများတယ်၊ ကလေးတွေ အန္တရာယ်ဖြစ်မှာစိုးရတယ်"

"အဲဒီတော့"

သူဇာက ရင်ကော့ပြီး

"ကျွန်မတို့ပါလိုက်ခဲ့မယ်"

သူ့စကားကို အနောက်က လွန်းငွေငွေက ကုပ်ချောင်းချောင်းနှင့် ခိုးပြီး လက်မထောင်သည်။ ဒါကို ဝကြီးက

"ဟားဟား နင်တို့မရှိခင်ကတည်းက ဒီကလေးတွေ ငါ ထိန်းခဲ့တာ၊ အခုမှ စိတ်မချနိုင်ဘူးလေး ဘာလေးနဲ့၊ ဘာမှလိုက်စရာမလိုဘူး"

"ကျွန်မတို့မလိုက်ရရင် ကလေးတွေမထည့်နိုင်ဘူး၊ ဒါပဲ"

"ဟင်"

သူဇာစကားကြောင့် ဝကြီးပင်ကြောင်သွားသည်။ လွန်းငွေ

စိုး : မိုး : ၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ဌေးက အနောက်က လက်မထောင်သည်။ ဒါကို ဝကြီးက ခေါင်းကုတ်ပြီး

"နင်တို့မလိုက်ရရင် ကလေးမထည့်နိုင်ဘူးဆိုလဲ ရတယ်လေ"

သူဇာ ဝကြီးကိုယောင်ပြီး ပြန်ကြည့်သည်။ ဝကြီးက ခပ်တည်တည်ပင်

"ဒါဆိုလဲ မခေါ်သွားရုံပေါ့"

"ဆမ်"

သူဇာ ပါးစပ်ပင်ချော်သွားသည်။ သူထင်ထားသလိုမှ ဖြစ်မလာဘဲကိုး။ သူထင်ထားတာက ကလေးတွေကို သူတို့မပါဘဲ မထည့်နိုင်လျှင် သူတို့ကိုပါ ဝကြီးကခေါ်သွားလိမ့်မည်ဟု ထင်ထားခဲ့တာကိုး။ ယခုတော့ ထင်သလိုမဖြစ်၍ ဘာပြောရမှန်းမသိတော့။ ဝကြီးက ကလေးများကိုကြည့်ပြီး

"ကဲ သားနဲ့သမီး အပြင်မလိုက်ရဘူးဆိုလဲ ဘာစားမလဲပြော၊ ဖေဖေလာပို့ပေးမယ်"

ဝကြီးစကားကြောင့် သူဇာမျှော်လင့်ချက်ရောင်ခြည် ပြန်ပွင့်သွားသည်။ ထို့ကြောင့် ရင်ကော့ပြီး

"အဲဒီလိုလုပ်စမ်းပါ"

လွှန်းဌေးဌေးက အနောက်က လက်မထောင်သည်။ ဒါကို သူဇာကပင် ဦးဆောင်၍

"ပြောလိုက်လေသား၊ ဒန်ပေါက်ရှစ်ထုပ်၊ ရေခဲမုန့်ခြောက်ပွဲ၊ အဆာပြေစားဖို့ပဲကြာဆံ တစ်ဒါဇင်၊ အဆာပြေအတွက် ဆမူဆာ တစ်လင်ပန်း"

သူ့စကားများကို ကလေးများကလယ်ကလယ်နှင့် ဖြစ်နေ၏။ နောက်မှ မယ်ဗလကစ၍





"သမီးအတွက် ကြက်သားနဲ့တစ်ပွဲ၊ စပါကလင်တစ်လုံး"

ဗလရှင်ကပါ အနောက်ကလိုက်၍

"သားအတွက်က ကြာဇံပြုတ်နဲ့ ရေခဲချောင်း"

သူတို့စကားကို အနောက်က သူဇာတင်းသွားပြီး

"ဟဲ့ ပြောလိုက်လေ၊ ဒန်ပေါက်ရှစ်ထုပ်၊ ရေခဲမုန့်ခြောက်ပွဲ"

ဝကြီးက သူ့စကားကို ဂရုမစိုက်ဘဲ ကလေးများသာကြည့်တာ

"သမီးက ထမင်းဘယ်နှပန်းကန်စားမလဲ"

"နှစ်ပန်းကန်"

"သားကရော"

"ကြာဇံပြုတ်တစ်ပွဲပဲ၊ ရေခဲချောင်းတစ်ချောင်း"

ဝကြီးပြုံးလိုက်သည်။

"ဟုတ်ပြီ၊ အဖေအတိအကျ ဝယ်ခဲ့ပေးမယ်၊ ခဏစောင့်"

ဆိုပြီးလှည့်အထွက်။ သူဇာ၏အော်သံက

"ငတုံးတွေ၊ အမျိုးကိုလိုက်တယ်၊ သူတို့အဖေအတိုင်းပဲ"

ဆိုသောအော်သံကြားရ၏။ ဝကြီးလှည့်မကြည့်တော့။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဝကြီး အရှေ့ကသွားနေရင်း တဖျတ်ဖျတ် ခြေသံများကြားရသည်။ ဝကြီး သူနှင့်မဆိုင်ဘူးထင်ပြီး လှည့်မကြည့်။

သို့သော် ခြေသံက တဖျတ်ဖျတ်ကြားနေရတုန်း။ သူ၏စိတ်ထဲတွင်လဲ ကလေးများမှာသလောက်သာ အတိအကျဝယ်ပြီး ဟိုကောင်မတွေကို အငတ်ထားပြီး ဆုံးမမည်ဟု စိတ်ထဲတေးထား၏။

"ငါ့ကိုကွာရှင်းချင်တဲ့ကောင်မတွေ ငတ်သေပစေ"

ဟု စိတ်ထဲတွေးနေမိ၏။

သူ့ခြေသံနှင့်အတူ ခြေသံက ကြားနေရတုန်း။

မသက်ာ၍ လှည့်ကြည့်လိုက်တော့

"ဟင်"





သူ့အနောက်မှာ လက်ပြင်ကြီးပြူတ်၊ လက်နှစ်ဖက်ရွှေချပြီး တတုန်ကတုန်နှင့်လိုက်လာသော သူဇာ။ သူဇာကိုမြင်တော့ ဝကြီး လန့်သွား၏။ လက်မှာလဲ ကလေးနှစ်ကောင်ဆွဲလို့။ သူတို့နောက်မှာမှ လက်ပြင်ကြီးပြူတ် ကိုယ့်ဗိုက်ပေါ် ကိုယ်လက်တင်ပြီး သားရည်တွဲနေသော မားသားဘုတ်။ ဝကြီးလဲ သူတို့ကိုမြင်တော့ မျက်လုံးပြူးပြီး

"ဟင် ဟင် နင် ဘာလိုက်လုပ်တာလဲ"

သူဇာက ပြုံးမလို မပြုံးမလိုလုပ်ပြီး

"ဟို ဟိုလေ ရှင့်ကိုပြောစရာရှိလို့"

"ဘာမှပြောစရာမရှိဘူး၊ နင်နဲ့ငါ ကွာရှင်းပြီးသား"

ဝကြီးစကားကို သူဇာက မျက်နှာကြီးကရော်ကမယ်နဲ့

"လင်မယား သဘောထားချင်းမတိုက်ဆိုင်လို့ ခဏကွာရှင်းကြတာပဲ၊ အဲဒါ ဘာဖြစ်လဲ"

ဝကြီးမျက်လုံးပြူးသွားသည်။ ကွာရှင်းတာတောင် ခဏကွာရှင်းတာတဲ့။

ဘုတ်ကြီးက အနောက်က အားရပါးရ လက်ထောင်ပြသည်။

"ဘာ ခဏတာ ကွာရှင်းတာဟုတ်လား၊ အေး ငါကတော့ ရာသက်ပန်ကွာရှင်းတယ်၊ ဒါပဲ"

သူဇာကြီး သက်ပြင်းချလိုက်သည်။ ပြီးမှ

"ပြန်စဉ်းစားပါဦး ကိုဝကြီးရယ်၊ ရှင်နဲ့ကျွန်မ ကွာရှင်းပြီးမှ ရှင်သူများအိမ်ကပ်နေရတာကို ကျွန်မသနားတယ်"

ဝကြီးမျက်နှာ အလိုလိုမဲ့သွား၏။ ဘုတ်ကြီးက လက်မထောင်ပြပြန်သည်။ ဒါ တမင်ကလယ်စကားမှန်း သူသိသည်။ သူဇာတို့မိသားစုသူများကို သနားသည်ဆိုတာ မျိုးရိုးကိုမရှိ၊ သားသမီးကအစ မသနားတတ်တာပဲ။ အခုတောင် သူတို့စားစရာမရှိလို့ ကလေးနှစ်ကောင်ဆွဲလာတာ။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ရှင့်သားနဲ့သမီးကလည်း ညညဆို ဖေဖေ့ကို သတိရတယ်၊ သတိရတယ်နဲ့ တဖွဖွပြောနေကြတာ ကျွန်မရင်ထဲ မကောင်းဘူး"

ဝကြီးစိတ်ထဲ ပျော့ကျသွားမိ၏။ သူလဲ ညညဆို သားနှင့်သမီးကို သတိရနေမိသည်မဟုတ်လား။ ဒါတော့ဖြစ်နိုင်သည်။ ကလေးများကလဲ သူနှင့်တစ်သက်လုံး နေခဲ့ကြသည်မဟုတ်လား။ ကလေးမျက်နှာမြင်ရတော့လဲ စိတ်မကောင်း။ သူတို့ခမျာ ညှိုးငယ်နေရှာသည်။ ထို့ကြောင့် စိတ်ပျော့ပြီး

"အဲဒီတော့"

သူ့အမေးကို သူဇာက မခို့တရို့ပြုံးပြီး

"ဟိုလေ ရှင်နဲ့ကျွန်မ ပြန်ပေါင်းရအောင်လားလို့"

"ဘာ"

ဝကြီးထအော်မိသည်။ သူဇာနှင့်သူ ကွာရှင်းထားတာမှ နှစ်ရက်နှင့်တစ်ပိုင်းမျှသာ ရှိသေးသည်မဟုတ်လား။ ဘုတ်ကြီး လက်မထောင်ပြပြန်သည်။ တစ်ယောက်တည်း အားတွေရနေသည့်သဘော။ ဟိုတစ်နေ့ကပင် တရားရုံးမှာ ကွာရှင်းတုန်းက သူဇာတို့ပျော်ပြီး အိုးစည်ဗုံမောင်းနှင့် ကွေးနေအောင် ကခဲ့သည်ကို မျက်စိထဲကမထွက်သေး။ ထို့ကြောင့် မျက်လုံးကြီးပြူးပြီး

"ဟင် နင်နဲ့ငါ ဟိုတစ်နေ့ကပဲ တရားသူကြီးရှေ့ ကွာရှင်းလက်မှတ်ထိုးထားတာလေ"

သူဇာက ခါးကြားကအလိပ်တစ်ခု ထုတ်လိုက်သည်။ သူတို့လက်မှတ်ထိုးထားသော စာချုပ်။

"ဒါတွေက စာချုပ်ဆိုပေမယ့် စာရွက်တစ်ရွက်ပါပဲ ဟောဒီမှာကြည့်"

"ဗြဲ ဗြဲ ဗြဲ"





"ဟာ"

စာချုပ်ကို သူဇာကြီးဆွဲဆုတ်လိုက်တာမြင်တော့ ဝကြီး မျက်လုံးပြူးသွားသည်။ ဘုတ်ကြီးက အသံမထွက်အောင် လက်ခုပ်ခိုးတီး၏။ သဘောတွေကျနေသည့်သဘော။

"ဟင် နင် နင် ဘာလုပ်တာလဲ"

သူဇာက ခပ်တည်တည်ပင်

"ဆွဲဆုတ်လိုက်တာလေ၊ ကဲ အခု ရှင်နဲ့ကျွန်မ ကွာရှင်းစာချုပ် မရှိတော့ဘူးလေ၊ ပြီးပြီ"

ဝကြီးခမျာ အံ့အားသင့်လွန်း၍ ဘာပြောရမှန်းပင်မသိ။ ဟိုတစ်နေ့ကပင် လူကြီးစုံရာရှေ့ တရားဝင်လက်မှတ်ထိုးထားသည့်စာချုပ်။ အခု အလွယ်တကူပင် ဆုတ်ဖြဲခြင်းခံလိုက်ရလေပြီ။ ဝကြီး စာရွက်စုတ်ဖြစ်သွားသော စာချုပ်ကို လိုက်ကြည့်နေမိသည်။ နောက်မှ သတိရပြီး

"ဟင် နင်စာချုပ်ဆွဲဆုတ်လိုက်လဲ အပိုပဲ"

သူဇာ မျက်မှောင်ကြုတ်သွား၏။

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ နင်နဲ့ငါက လူကြီးစုံရာရှေ့ တရားသူကြီးရှေ့ တရားဝင် ကွာရှင်းထားတာ အားလုံးအသိပဲ၊ ဒါကြောင့် ကွာရှင်းစာချုပ် ဆွဲဆုတ်လိုက်ရုံနဲ့ နင်နဲ့ငါနဲ့ ပြန်ပေါင်းပြီးသား ဘယ်တော့မှ မဖြစ်နိုင်ဘူး၊ ဟားဟားဟား ဟားဟားဟား၊ ဘယ်သူကမှလဲ ပြန်ပေါင်းပြီးသားလို့ အသိအမှတ်ပြုမှာမဟုတ်ဘူး၊ ဟားဟား"

ဝကြီးက အားရပါးရရယ်သည်။ ဒါကို သူဇာက တုန်တုန်ချိချိနှင့် သူ့နားပြေးလာကာ လက်မောင်းကိုဆွဲပြီး

"ဒါက လွယ်ပါတယ်"

"ဘာ ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဇာ၏စကားကြောင့် ဝကြီးလန့်ပြီးထအော်သည်။ သူဇာက ပြုံးပြီး

"ဒါက လွယ်ပါတယ်ရှင်၊ ရှင်နဲ့ကျွန်မ တရားဝင်လင်မယား အဖြစ် အသိအမှတ်ပြုရအောင် ဒုတိယအကြိမ် မင်္ဂလာပြန်ဆောင် လိုက်တာပေါ့"

"ဘာ"

ဝကြီး မျက်လုံးပြူးပြီး ထအော်မိသည်။ ဘုတ်ကြီးမှ

"ဟေး နောက်တစ်ခါဆောင်ပြန်ပြီဟေ့"

ဆိုပြီးထအော်သည်။

ဒါကို သူဇာက ဘာ မှမဖြစ်ဟန်ဖြင့် သူ့လက်ကိုဆွဲပြီး

"လာပါ၊ ကလေးတွေလဲ ဗိုက်ဆာနေလောက်ပြီ၊ သူတို့စားဖို့ ဝယ်ရင်းနဲ့ ကျွန်မလဲ ဗိုက်ဆာပြီ၊ ဒါကြောင့် ပလာတာ၊ ဆမူဆာ၊ ခါကျား ဟာလဝါစားပြီးပြန်ရအောင်၊ အဲ ပြီးရင် မင်္ဂလာကိစ္စလဲ စီစဉ်ရဦး မယ်မဟုတ်လား၊ ကဲ သွားစို့"

"ဟင် ဟင် ဟင်"

ဝကြီးမှာ သူဇာဆွဲခေါ်ရာလိုက်ပါပြီး တစ်ရှက်၊ အရှက်မရှိ နှင့် ပြန်ခံရပြန်လေပြီ။ ဘုတ်ကြီးခုန်ထွက်လာတာသာ မှုံဝါးဝါးမြင် လိုက်ရသည်။ ပြီးတော့ သူဇာနှင့်လွန်းဒွေးဒွေးတို့ လက်တွဲပြီး ဖုန်တုန် တုန် မှုံတုန်တုန်နှင့် ခုန်ထွက်သွားတာ မျက်ဝါးထင်ထင် မြင်လိုက်ရ ပြန်လေတော့သတည်း။

**လေးစားစွာကြိုးစားလျက်**
**အကြည်တော်**



BURMESE CLASSIC .com

www.burmeseclassic.com